**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနင်္ဂနွေနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမကြာမီတွင်ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့်သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၌ လျှပ်စစ်မီးများပြန်လည်ရရှိ

နေပြည်တော် နိုဝင်ဘာ ၈

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများက ကျောက်မဲမြို့အား ခေတ္တထိန်းချုပ်ထားစဉ်ကာလအတွင်း

**စာမျက်နှာ ၁၅ ကော်လံ ၁ ◆**




ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကိုတွေ့ရစဉ်။

**ဆောင်းပါး**

**စပါးရွှေဝါတောင်လိုပုံနှင့် အိမ်အပြန်ခရီးအတွေးစုံ (နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့)**

စာ – ၆ သို့

…………………

**ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်**

စာ – ၅ သို့

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်)

# စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း

မြန်မာနိုင်ငံရှိပြည်နယ်များနှင့်ပတ်သက်၍ ပြည်နယ်အလိုက် ပြည်နယ်နေ့များသတ်မှတ်ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့သည် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ဖြစ်သည်။ ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန်အစရှိသည့်တိုင်းရင်းသားများသည် အတူတကွချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိကြသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်သည်။ မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့်တောင်တန်းများ၊ စိမ်းလန်းစိုပြည်သောသစ်တောများ အစရှိသည့် သဘာဝအရင်းအမြစ်များဖြင့်ကြွယ်ဝသည်။

ကရင်ပြည်နယ်ဟုဆိုလိုက်သည်နှင့် တိုင်းရင်းသားအားလုံး၏စိတ်တွင် သဘာဝအလှတရားများနှင့်မြင့်မားလှပသည့် ဇွဲကပင်တောင်တည်ရှိရာပြည်နယ်ဟုသိကြသည်။ ဇွဲကပင်တောင်သည် ကရင်ပြည်နယ်၏အမှတ်သင်္ကေတတစ်ခုအဖြစ်တည်ရှိသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သောရှေးဟောင်းအမွေအနှစ်များဖြစ်သည့်စေတီပုထိုးများနှင့် လှပသောလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကိုပိုင်ဆိုင်ထားသည်မှာဂုဏ်ယူဖွယ်ဖြစ်သည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ်ကရင်ဒုံးယိမ်းအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာ နေရာဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါထင်ရှားလှသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားများကိုပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးတို့သည် နိုင်ငံ၏နေရာဒေသအသီးသီးတွင် ယှဉ်တွဲစုပေါင်း၍ စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့သည်။ ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းကပင် အခြားတိုင်းရင်းသားများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးဆုံးရှုံးသည့်အခါ တိုင်းရင်းသားလူမျိုးများသည် သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပြီး လွတ်လပ်ရေးရယူခဲ့ရာတွင် ကရင်တိုင်းရင်းသားများသည်လည်းပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုအမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် မဲမသမာမှုကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်ကတာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကိုမျက်ကွယ်ပြု၍ အကြမ်းဖက်မှုများတိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိလာစေရန်နှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုအခက်အခဲများကြားမှ ပိုမိုကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုဆက်လက်ကျင့်သုံးနိုင်ရေးအတွက် လွတ်လပ်၍တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် အပိုင်း(၁)ကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် အပိုင်း(၂)ကိုလည်းကောင်း ကျင်းပပေးမည်ဖြစ်သည်။ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"ဟူသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲအောင်မြင်စွာဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **"ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင်တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့်အခက်အခဲများနှင့်စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်"**ဟူ၍ ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းနှင့်အတူ နိုင်ငံသားများလူမှုစီးပွားဘဝမြင့်မားရေးကိုလည်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်သူများလိုလားတောင့်တသည့် စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိအောင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်းရေးသားလိုက်ရပေသည်။ ။

---

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

### ရွေးကောက်ပွဲကျင်းပရန်
### ၄၉ ရက်
### သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

---

# လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းဖွင့်လှစ်

ပဲခူး နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး)သင်တန်းခန်းမ၌ နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်နိုင်စိုးက သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် သင်တန်းဖွင့်လှစ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြသထားသည့်ထုတ်ကုန်ပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၇ ရက်မှ ၁၃ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ကာ ကျွမ်းကျင်သင်တန်းနည်းပြများမှ ရေချိုးဆပ်ပြာရည်ပြုလုပ်နည်း၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ လက်ဆေးဆပ်ပြာပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာပြုလုပ်နည်းနှင့် အဝတ်လျှော်ဆပ်ပြာရည်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ အမှတ်တရနေ့ရက်များ
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၅။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၆။ ၁၅:၀၀ ဇာတ်လမ်းတို
၇။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၈။ ၁၈:၃၀ **CGTN Nature အပိုင်း(၁၈)**
၉။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၀။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

### MWD Variety Channel

၉-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၃၀ ရောင်စုံပျံ့သင်းစာပန်းခင်း
၃။ ၁၁:၄၀ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၄။ ၁၄:၁၉ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆:၂၀ သုတေသနမှသည်...သမိုင်းမှတ်တိုင်ဆီသို့

---


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပုဂံမြို့ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ညောင်ဦး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်၌ တည်ထားကိုးကွယ်ထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာလ ၁၂ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဗုဒ္ဓပူဇနိယပွဲတော်တွင် ပုဂံမြို့ရှိ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းများက ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းနှင့်အချိုပွဲများ ဆက်ကပ်လှူဒါန်းခြင်း၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း၊ အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား ဝတ္ထုငွေ၊ ဆွမ်း၊ ဆေး စသည့်ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခြင်းတို့ပြုလုပ်မည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို စတင်ကျင်းပလျက်ရှိပြီး အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

ပုဂံမြို့ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နှင့် ၈ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



# ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ဧက ၁၈၀၀ ကျော် စိုက်ပျိုးလျက်ရှိ



ငပုတော နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ဧက ၁၈၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲဧက ၁၈၈၀ စိုက်ပျိုးနေပါတယ်။ ဗိုလ်ကိတ်ပဲ အပါအဝင် ဆောင်းသီးနှံတွေ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဗိုလ်ကိတ်ပဲ စိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ ဆောင်ရွက်ပေးမှာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီး မှူး ဦးဆန်းဝင်းကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ အထွက်နှုန်းကောင်းစေဖို့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးမှာပါ။ သက်ဆိုင်ရာက နည်းပညာနဲ့ တခြားသွင်းအားစုတွေကို ပံ့ပိုးပေးပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ ဗိုလ်ကိတ်ပဲတွေကို ဖျက်ပိုးနဲ့တခြားအန္တရာယ်မကျရောက်စေဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ အရင်နှစ်ကထက် အထွက်နှုန်းကောင်းဖို့ ကြိုးစားပြင်ဆင်စိုက်ပျိုးမှာဖြစ်ပါတယ်" ဟု ဟိုင်းကြီးကျွန်းမြို့မှ တောင်သူ ဒေါ်စောကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ စိုက်ပျိုးမည့် ဆောင်းသီးနှံများ ပိုးမွှားမကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗိုလ်ကိတ်ပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၇ ရက်က ဝဲဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ဝဲဒေါင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စုမွန်ကိုယ်စား တာဝန်ခံဆရာမတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုအေးက လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများအဖြစ် Grade–10 မှ မောင်ဟိန်းသော်က လူငယ်နှင့်အားကစား၊ Grade –12 မှ မရွှန်းလဲ့ရီက လူငယ်နှင့်စိတ်၏ငြိမ်းချမ်းမှု၊ Grade –12 မှ မစုလတ်နေခြည်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade –11 မှ မောင်ကြည်ဇော်ထွန်းနှင့် မောင်ဂျေညီလွင်တို့က ကမ္ဘာကြီးပူနွေးလာခြင်းနှင့် လူငယ်နှင့်ငြိမ်းချမ်းရေးအမြင် ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဘာကြောင့် အစ်ကိုကြီးက ဒီလိုစဉ်းစားမိတာလဲ"

နုပ်။ "ခင်ဗျားတို့နိုင်ငံရေးသမားတွေက အလျှော့အတင်းလုပ်ပြီး စစ်နှုတ်ခမ်းလျှောက်ဝါဒ ကျင့်သုံးနေကြတာကို တွေ့နေရတာကိုးဗျ။ တင်းလို့ရရင်ရ မရရင် ပြန်လျှော့ပေးတာမျိုးလည်း တွေ့နေရပြီကော။ ဘာလင်ပြဿနာမှာ ခင်ဗျားတို့ဆရာကြီး ပြန်လျှော့ချတာကို တွေ့ရတယ်မဟုတ်လား"

ညီ။ "ပြန်လျှော့တာကို မကြိုက်ဘူးလားခင်ဗျာ"

နုပ်။ "ဘယ့်နှယ် မကြိုက်ဘဲရှိပ့ါမလဲ။ ကမ္ဘာစစ်ဖြစ်တာကို ကျွန်တော် လိုလားနိုင်ပ့ါမလားဗျာ"

ညီ။ "ဒါဖြင့် ဘာကြောင့် ဒီအကြောင်းကို ထည့်ပြောတာလဲ ခင်ဗျာ"

နုပ်။ "ပြောရခြင်းအကြောင်းက ဒီလိုဗျ။ စူးအက်ကိစ္စနဲ့ ကျူးဘားကိစ္စမှာတော့ ခရုရှေ့လုပ်လိုက်တာ မှန်တယ်၊ သူအောင်မြင်တယ်။ ဘာလင်ကိစ္စမှာတော့ သူမအောင်မြင်ခဲ့ဘူး။ ဘာကြောင့် အောင်မြင်တယ်၊ ဘာကြောင့် မအောင်မြင်ဘူးဆိုတာကို အသေးစိတ် သူ့ကို ရှင်းပြချင်တယ်။ နောက်နောင်ကို ဒီအမှားမျိုးမမှားရင် သူ့အဖို့လည်း ကောင်းတယ်၊ ကမ္ဘာသားအဖို့လည်း ကောင်းတယ်"

ညီ။ "ဘယ်လိုရှင်းပြချင်တာလဲ ဘရားသား"

နုပ်။ "စူးအက်ကိစ္စနဲ့ ကျူးဘားကိစ္စမှာ ခရုရှေ့အောင်မြင်ခြင်းက သူတို့ချင်း သဘောထားကွဲလွဲမှုရှိခြင်းကတစ်ကြောင်း၊ သူတို့ဘာသာ သူတို့ မတရားမှန်းကို သိတာကတစ်ကြောင်း ဒါကြောင့် အောင်မြင်တယ်"

ညီ။ "ဘာလင်ကိစ္စမှာတော့ကော ခင်ဗျာ"

နုပ်။ "သူတို့ချင်းကလည်း ညီညွတ်တယ်။ သူတို့ဘက်က တရားနည်းလမ်းမှန်တယ်လို့လည်း ယူဆကြပုံရတယ်"

ညီ ။ "ညီညွတ်တာကတော့ ထားပါတော့။ သူတို့ဘက်က တရားနည်းလမ်းမှန်တယ်လို့ဆိုနိုင်သလား ဘရားသား"

နုပ်။ "မှန်တယ်လို့ ကျွန်တော်က မဆုံးဖြတ်လိုပါဘူး။ သူတို့ဘက်က တရားနည်းလမ်းမှန်တယ်လို့ သူတို့ ယူဆစရာအကြောင်းတွေ ရှိပေတယ်ဗျ"

ညီ။ "ဘာမှန်သလဲ ဘရားသား"

နုပ်။ "ဘာလင်ကို အရှေ့ခြမ်း၊ အနောက်ဘက်ခြမ်းခွဲစဉ်က ခင်ဗျားတို့ကိုယ်တိုင်က သဘောတူပြီး လက်မှတ်ရေးထိုးခဲ့ကြတယ် မဟုတ်ဘူးလား"

ညီ။ "လက်မှတ်ထိုးခဲ့ပေမယ့် ဒီအတိုင်း ကမ္ဘာချဉ်းအောင် တည်မြဲနေသင့်တယ်၊ တည်မြဲနေရမယ်လို့ ယူဆသင့်သလား ခင်ဗျာ"

နုပ်။ "ဒီလိုတော့လည်း မဟုတ်ဘူးပေ့ါလေဗျာ။ သို့သော် လက်ရှိအခြေအနေ the status quo ကို ခင်ဗျားတို့ဘက်က ပြောင်းလဲချင်တာ မဟုတ်ဘူးလား။ သဘောတူခဲ့ပြီးဖြစ်တဲ့ လက်ရှိအခြေအနေကို ပြောင်းလဲချင်လို့ရှိရင် တစ်ဦးတည်း၊ တစ်ယောက်တည်းသဘောနဲ့ မပြုပြင်သင့်ဘူး။ အားလုံးသဘောတူညီချက်နဲ့မှ ပြောင်းလဲသင့်ပါတယ်လို့ သူတို့အားလုံးကယူဆနေကြရင် ဒီအယူအဆဟာ တရားနည်းလမ်း မကျဘူးလို့ ခင်ဗျားတို့က ဆိုနိုင်မလား"

ညီ။ "နစ်နာတဲ့လူတွေမှာ နစ်နာနေရင် ပြောင်းသင့်တာပေ့ါ ခင်ဗျာ"

နုပ်။ "ဒါက ခင်ဗျားတို့ဘက်က အယူအဆလေဗျာ"

ညီ။ "အယူအဆမဟုတ်ပါဘူး။ နည်းလမ်းမှန်တယ် မဟုတ်ဘူးလား ဘရားသား"

နုပ်။ "အဲဒါကလည်း ခင်ဗျားတို့ဘက်က အထင်လေ"

ညီ။ "ဒါဖြင့် ပြောင်းလဲချင်တယ်ဆိုတာ ကျွန်တော်တို့က မှားသလား"

နုပ်။ "ပြောင်းလဲချင်ရုံကတော့ မှားတယ်လို့မဆိုသင့်ပါဘူး။ မူလက သဘောတူလက်မှတ်ထိုးထားတဲ့အလုပ်တစ်ခုကို တစ်ဦးတည်းသဘောနဲ့ အတင်းပြုပြင်ဖို့ စီမံခြင်းကတော့ တရားနည်းလမ်းမကျဘူးလို့ သူတို့ဘက်က ယူဆနိုင်စရာအကြောင်းကောင်းတစ်ခုရထားပေတယ်ဗျ။ တကယ်လို့ ကမ္ဘာ့ခုံရုံးမှာ တင်ပြမယ်ဆိုရင်လည်း ခင်ဗျားတို့ဘက်က ရှုံးနေမလား မဆိုနိုင်ဘူး"

ညီ။ "ကမ္ဘာ့ခုံရုံးဆိုတာမျိုးကိုလည်း ကျွန်တော်တို့က လက်မခံနိုင်ပါဘူး"

နုပ်။ "ဒီလိုလေဗျာ၊ ကျွန်တော်တစ်ခုပြောမယ်။ တရားနည်းလမ်းကျခြင်း၊ မကျခြင်းကို ထားလိုက်ကြပါစို့။ ခင်ဗျားတို့ဘက်ကပါ သဘောတူလက်မှတ်ထိုးထားတဲ့ကိစ္စတစ်ခုကို ခင်ဗျားတို့သဘောတစ်ခုတည်းနဲ့ ဖွတ်အတင်းပြင်ဆင်ဖို့ စီမံတယ်ဆိုခြင်းဟာ ခင်ဗျားတို့ မတရားဘူးလို့ သူတို့ဘက်က တညီတညွတ်တည်း ရိုးရိုးသားသား ယုံကြည်နေကြသမျှကာလပတ်လုံး ခင်ဗျားတို့က ဖွတ်လုပ်ရင် သူတို့ မခံပေဘူး။ ကျွန်တော်ကောင်းကောင်းနားလည်တယ်"

ညီ။ "ဘာကြောင့် အစ်ကိုကြီးက ပြောနိုင်သလဲ"

နုပ်။ "မာနဗျ … မာန။ သူတို့မှာလည်း ခင်ဗျားတို့လိုပဲ မာနရှိတာပဲ။ ခင်ဗျားတို့က ဖွတ်လုပ်ရင် သူတို့က လျှော့မပေးပေဘူး။ သူတို့က ဖွတ်ခံမှာပဲ။ တိုက်သူရော၊ ခုခံသူရော နှစ်ဖက်စလုံး သေကုန်ကြလည်း ပြီးတာပဲ။ မတရားတာတော့ ငုံ့မခံဘူးဆိုတဲ့စိတ်မျိုးဟာ သူတို့မှာလည်း ရှိတယ်၊ ခင်ဗျားတို့မှာလည်း ရှိတယ်မဟုတ်ဘူးလား။ လူရယ်လို့ဆိုရင် ဒီမာနမျိုး ရှိရမှာပဲ။ ဒီမာနမျိုး မရှိရင် အနုံစား၊ အညံ့စား၊ အလကားလူစားမျိုးတွေ ဖြစ်ကုန်တော့မှာပေ့ါဗျ"

ညီ။ "ဒီလိုဆို ကျွန်တော်တို့ဘက်က အချိန်ရွေ့ပေးလိုက်တာ လမ်းမှန်တာပေ့ါခင်ဗျာ"

နုပ်။ "လမ်းမှန်တယ်ဆိုပါတော့လေ။ ပြန်မဆုတ်လိုက်ရင် ကမ္ဘာစစ်ဖြစ်ရုံ ရှိတော့မှာပေ့ါ။ ဒီအချက်မှာ ဘယ်သူ့ဘက်က ယုံကြည်ချက်က ပြင်းထန်တယ်၊ ခိုင်မြဲတယ်ဆိုတာ ပေါ်ထွက်လာတာပဲဗျ"

ညီ။ "ဘယ်လိုလဲ အစ်ကိုကြီး"

နုပ်။ "မစ္စတာခရုရှေ့က သူဟာ လမ်းမှန်ပါတယ်ဆိုပြီး တင်ပြစမ်းတယ်။ ဟိုဘက်ကလူစုက သူဟာ တရားနည်းလမ်းမကျပါဘူးလို့ ခံပြောတယ်၊ ဖွတ်ခုခံတယ်။ ဒီနေရာမှာ ယုံကြည်မှုနှစ်ခု ဘယ်ဒင်းက ခိုင်မြဲသလဲဆိုတာ ပြိုင်ကြတာပဲ။ နောက်ဆုံးမှာ မစ္စတာခရုရှေ့ရဲ့ ယုံကြည်မှုဟာ ဟိုဘက်က ယုံကြည်မှုလောက် မခိုင်မြဲလေတော့ သူက လျှော့ပေးလိုက်ရတယ် မဟုတ်လား"

ညီ။ "ကမ္ဘာစစ်ဖြစ်မှာကိုစိုးလို့ အမြော်အမြင်ကြီးစွာနဲ့ ဆုတ်ပေးလိုက်တယ်လို့ဆိုနိုင်တယ် မဟုတ်ဘူးလားခင်ဗျာ"

နုပ်။ "ကျွန်တော်က ဒီလိုမမြင်ဘူး။ သူ့အမှုဟာ ဟိုဘက်က အမှုလောက် မကောင်းဘူးလို့ သူ့ဘာသာသူ သိတဲ့အတွက် ရုပ်သိမ်းလိုက်ခြင်းဖြစ်ရမယ်။ အကယ်၍သာ သူ့ရဲ့ယုံကြည်ချက်ကလည်း ဟိုဘက်ကလောက် ပြင်းထန်တယ်၊ ခိုင်မြဲတယ်ဆိုရင် မစ္စတာခရုရှေ့ကို ကျွန်တော် အကဲခတ်မိသလောက်မှာ ကမ္ဘာပျက်ချင်ပျက် လျှော့ပေးမယ့်လူ မဟုတ်ဘူးထင်တယ်။ သူက ဟိုလူစုထက် ချို့တဲ့ပျော့ညံ့တဲ့လူ မဟုတ်ဘူး၊ ပိုရင်သာ ပိုလိမ့်မယ်ထင်တယ်။ သူ့အမှုက တယ်မကောင်းမှန်း သူ့ဘာသာသူသိပြီး ရုပ်သိမ်းလိုက်ခြင်းဖြစ်ရမယ်"

ညီ။ "ရုပ်သိမ်းတာ မဟုတ်ပါဘူး။ အချိန်ရွှေ့လိုက်တာပါ ခင်ဗျာ"

နုပ်။ "တော်စမ်းပါကိုယ့်လူ။ ဒီကိစ္စမှာ ဒီနည်းလုပ်လို့မရဘူးဆိုတာကို မစ္စတာခရုရှေ့ သိလောက်ပါပြီ။ သို့သော် ကျွန်တော် စိုးရိမ်နေတာ တစ်ခုရှိတယ်ဗျာ"

ညီ။ "ဘာလဲ ဘရားသား"

နုပ်။ "နှစ်ဖက်စလုံးက ကိုယ့်ဘာသာကိုယ် မှန်တယ်လို့ အညီအမျှ ခိုင်မြဲစွာ ဆန့်ကျင်ဘက် ယုံကြည်တဲ့ကိစ္စမျိုးတစ်ခု ပေါ်လာရင်တော့ ကမ္ဘာကြီးသက်တမ်းစေ့ပြီလို့ ကျွန်တော်က ဗေဒင်ဟောချင်တော့တာပဲ"

ညီ။ "ဒီလောက်ပဲဆိုးသလား ဘရားသား"

နုပ်။ "လက်ရှိ လက်နက်မျိုး၊ မာနမျိုး၊ အာဃာတမျိုးတွေနဲ့တော့ ကျွန်တော် ဒီလိုပဲမြင်တယ်"

ညီ။ "လွတ်မြောက်စရာနည်းလမ်း မရှိဘူးလားခင်ဗျာ"

နုပ်။ လက်နက်လျှင်လည်း ဖျက်သိမ်း၊ မာနလျှင်လည်း လျှော့၊ အာဃာတလျှင်လည်းလျှော့။ ဒီသုံးခုမှာ တစ်ခုခုလုပ်ကြပါမှ ဖြစ်မှာပဲဗျာ"

ဆက်လက်ဖော်ပြပါမည်။

# မြဝတီမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး ကဗျာနှင့် ပန်းချီပြိုင်ပွဲများကျင်းပ

မြဝတီ နိုဝင်ဘာ ၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာလ ၇ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၏ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇေယျာအောင်နှင့် ဆရာ၊ ဆရာမများ ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲတွင် အမျိုးသားအောင်ပွဲနေ့ မမေ့နိုင်စရာ နှစ်တစ်ရာ့ငါးခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူရှစ်ဦး၊ အမျိုးသားဂုဏ်ရောင် လတန်ဆောင်ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ ကဗျာပြိုင်ပွဲတွင် အမျိုးသားအောင်ပွဲနေ့ ဒို့မမေ့ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူခုနစ်ဦး၊ အမျိုးသားဂုဏ်ရောင် လတန်ဆောင်ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း၊ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၂ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ပြိုင်ပွဲများတွင်ဆုရရှိကြသည့် ကျောင်းသား၊ ပညာရေးစုံညီပွဲတော်၌ ဆုများချီးမြှင့်ပေးအပ်မည် ကျောင်းသူများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဖြစ်ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ၊ စက်ရုံမှူး၊ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့မှ အရာထမ်း၊ အမှုထမ်းများ၊ စက်ရုံတည်ဆောက်ရေး စီမံကိန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်အလိုက်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများအား ကြိုတင်ဝယ်ယူစုဆောင်းထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံ၌ စစ်ဆေးပြုပြင်ပြီးဖြစ်သည့် စက်ပစ္စည်းများကိုလည်း စမ်းသပ်မောင်းနှင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများကို အစဉ်အမြဲဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးတို့က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြရာ စီမံကိန်းလုပ်ငန်းများအား ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်ကြမ်းပြုပြင်ရေးအလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများအား ဝန်အားဖြင့် စမ်းသပ်လည်ပတ်နေမှု၊ လေသန့်စင်အလုပ်ရုံတွင် စက်ပစ္စည်းများစမ်းသပ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှု ကြည့်ရှု



**နေပြည်တော် နိုဝင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံရပ်မိရပ်ဖများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံမွေ့ရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ပန်းပေါင်းစုံဘုရားအဆူ (၁၁၀၀) အနေကဇာတင်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုသည်။

ဦးစွာ ကျုံမငေးမြို့ စက်ရုံမွေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်ကြီးများက ကျုံမငေးမြို့ရှိ မြို့ပေါ်ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ ကြည်ညိုပူဇော်နိုင်ရန် လှူဒါန်းမည့် ပန်းပေါင်းစုံဘုရားအဆူ (၁၁၀၀)ကို အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက်စက်ရုံမွေ့ရိပ်သာကျောင်းတိုက် ဆရာတော်နှင့်ဆရာတော်သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး စက်ရုံမွေ့ရိပ်သာကျောင်းတိုက်ဆရာတော်အား သိက္ခာတော်ထပ်မံလာအခမ်းအနားကျင်းပ၍ ကျောင်းတိုက်အတွင်းရှိ ဆရာတော်ကြီးများအား သိမ်ဆင်းလောင်းလှူပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း၍ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့ ရွှေဝယ်သီရိခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများစုပေါင်း၍ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်လူဦးရေတိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှုကိုကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကာ ဌာနအလိုက်တာဝန်ခံများကို အလှူရှင်များလှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ဆိုလာမီးလုံးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်အား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၁၀)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

# ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်

**ကျောက်မဲ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ကျောက်မဲဒေသတွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှစ၍ ကျောက်မဲမြန်မာ့စီးပွားရေးဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရကြောင်း၊ ယခုအခါ ကျောက်မဲမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ကို ပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတစ်ဝန်း ငွေလွှဲခြင်းလုပ်ငန်း၊ စာရင်းရှင်စာရင်းဖွင့်သည့်လုပ်ငန်း၊ အငြိမ်းစားလစာထုတ်သည့်လုပ်ငန်း၊ ငွေစုဆောင်းအပ်နှံခြင်းလုပ်ငန်း အစရှိသည့်ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့မြန်မာ့စီးပွားရေးဘဏ်ခွဲဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တာဝန်ရှိသူများသည် ဘဏ်မှအငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေသည့်အခြေအနေများကို ကြည့်ရှု၍ သက်ကြီးရွယ်အိုအငြိမ်းစား ပင်စင်စားဝန်ထမ်းများကို အားပေးစကားပြောကြားကြောင်း သိရသည်။

ကျောက်မဲခရိုင် (ပြန်/ဆက်)



# စပါးရွှေဝါတောင်လိုပုံနှင့် အိမ်အပြန်ခရီးအတွေးစုံ(နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့)

တန်ဆောင်မုန်းလပြည့်ရက်မတိုင်ခင် တစ်ရက်အလိုကဖြစ်သည်။ သားအဖနှစ်ယောက် ဆိုင်ကယ်တစ်စီးဖြင့် နေပြည်တော်မှသည် မြို့လှမြို့ဆီချီတက်ခဲ့ကြ၏။ မြို့လှမြို့ဆီသွားရောက်ရသည့်အကြောင်းရင်းကား "လပြည့်နေ့ကထိန်အလှူရှိတယ်၊ သားအဖတွေ လာခဲ့ကြဦးပေါ့" ဟူသော မိခင်နှင့်အစ်မဖြစ်သူတို့၏ တိုက်တွန်းဖိတ်ခေါ်မှုကြောင့်ပင်။ ဘောဂသီရိကားကြီးဝင်းကိုလွန်သည်နှင့် မြို့ရှောင်လမ်းဟုခေါ်သော လမ်းမကြီးပေါ်ရောက်၏။ နေပြည်တော်ကို ပြောင်းရွှေ့လာပြီးနောက်ပိုင်း ဤလမ်းမကြီးကိုဖြတ်၍ တစ်လတစ်ခါမျှ အိမ်သို့ပြန်ဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်လာသည့်နောက်ပိုင်းမှစ၍ မရောက်ဖြစ်တော့ပေ။ မြို့ရှောင်လမ်းကြီးပေါ် ဆိုင်ကယ်စီးရင်းဖြစ်စေ၊ ကားစီးရင်းဖြစ်စေ ကျွန်တော့်အတွက် စာရေးဖို့အကြောင်းအရာတစ်ခုခုကို ရရှိခဲ့စမြဲဖြစ်ရာ ယခုအကြိမ်တွင်လည်း လမ်းဘေးဝဲ၊ ယာတစ်လျှောက် မြင်တွေ့ရသော မြင်ကွင်းများက စာပေပိုးကို ထပ်လှုံ့ဆော်သလို ဖြစ်ပေါ်လာပြန်သည်။ သားဖြစ်သူက ရှေ့ကထိုင်ရင်း သူသိလိုသမျှမေးသည်။ ကျွန်တော်ကလည်း တွေးလိုရာတွေးသည်။ တွေးရင်း ငေးရင်းမြင်နေရသည့် ရှုခင်းများကြောင့် သီချင်းတစ်ပုဒ်က နားထဲအလိုလိုရောက်လာသည်။

"စပါးရွှေဝါ တောင်လိုပုံ ဆီကိုရေချိုး ဆေးရိုးမီးလှုံ ဆေးရိုးမီးလှုံ..." ဟူသည့် ချစ်အာရုံတေးသီချင်းလေးက တစ်ခေတ်တစ်ခါက မြန်မာတို့၏ ကျေးလက်အငွေ့အသက်များ၊ ထိုမှသည် တိုင်းပြည်စားရေရိက္ခာဖူလုံမှု အခြေအနေများ၊ ချစ်စရာယဉ်ကျေးမှုဓလေ့များကို ညွှန်းဆိုထားသည်မှာ နှစ်သက်ကြည်နူးစရာပင်။ ကားလမ်းမကြီးဘေး ရွာစဉ်တစ်လျှောက်မြေကွက်လပ်များတွင် စပါးပုံများက ရွှေရောင်တဝင်းဝင်း။ တစ်ရွာပြီး တစ်ရွာဖြတ်တိုင်း ဖုံးတုန်းလုံးတုန်းတန်ဆောင်မုန်းနှင့်အညီ မြင်တွေ့ရသည်များက နံနက်ခင်းနေခြည်နုနုတွင် ရွှေရည်လေးများ ဥနေသည့်ပမာ။ ယခင်က ကျွဲ၊ နွား လှည်းတို့ဖြင့် လှုပ်ရှားရုန်းကန်ခဲ့ရသော မြင်ကွင်းများနေရာတွင် ရိတ်သိမ်းခြွေလှေ့စက်များက အစားထိုးဝင်ရောက်လာသည်။ တိုးတက်ပြောင်းလဲလာသော စက်မှုလယ်ယာစနစ်ကို ကြိုဆိုမိသော်ငြား ရွာမှာမွေး ရွာမှာကြီးပြင်းခဲ့သောကြောင့် ကျွဲနွားတို့ဖြင့် ကျေးလက်အလှကို တန်ဆာဆင်သော တောင်သူဦးကြီးများ၏ ပုံရိပ်များကိုလည်း တမ်းတလည်ပြန်ဖြစ်မိသည်။

ယခင်က နေပြည်တော်မြို့ပြကြီးမပေါ်မီ ဤရွာစဉ်လေးများသည် ပျဉ်းမနားမြို့ကို မှီခိုအားထားခဲ့ကြရ၏။ သွားလာရေးဆိုသည်မှာ ယခုကဲ့သို့ မဖွံ့ဖြိုးသေး။ ရွာချင်းဆက်လမ်းဟူသည်လည်း မည်မည်ရရမရှိ။ မှတ်မိသမျှ ပျဉ်းမနားမှ တောင်ငူအထိပြေးဆွဲသည့် ကားရထားဟူသော ရထားတွဲတိုလေးကိုစီးကြရသည်။ ပျဉ်းမနား-ပြည်ဝင်-အေလာ- ထိန်အင်း-သာဝတ္ထိ-ရေနီ-မြို့လှခရီးစဉ်ကို ကျွန်တော်ငယ်စဉ်က ကြိမ်ဖန်များစွာလိုက်ပါစီးဖူးခဲ့သည်။ ထိုသို့လိုက်စီးရင်း ဒေသထွက်ကုန်များကို ပျဉ်းမနား-တောင်ငူမြို့ကြီးများဆီသွားရောက်ပို့ဆောင် ကုန်စည်ကူးသန်းမှုပြုခဲ့ကြသော တောင်သူများကိုတွေ့ခဲ့ရသည်။ နေပြည်တော်မြို့သစ်ကြီးပေါ်ထွက်လာပြီး မကြာမီ ဤမြို့ရှောင်လမ်းမကြီးလည်း ပေါ်ထွက်လာသည်။ ဘောဂသီရိမှ သာဝတ္ထိမြို့အဝင်ထိ မြို့ရှောင်ဖြတ်လမ်းကြီးကို ဖောက်လိုက်ခြင်းအားဖြင့် ပျဉ်းမနားကို ဖြတ်သည့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကို ဖြတ်စရာမလိုဘဲ အချိန်များစွာကျုံ့သွားသည်။ သာဝတ္ထိမြို့အဝင်တွင် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့်ပြန်ဆုံသည်။ လမ်းအဖြောင့်မို့ ဟိုသည်ကွေ့ပတ်မနေရ။ နေပြည်တော်မြို့သစ်ကြီးနှင့်အတူ ဤမြို့ရှောင်လမ်းပေါ်ထွက်လာမှုအကျိုးဆက်သည် နေပြည်တော် ပတ်ပတ်လည်မြို့ရွာများကို အကျိုးသက်ရောက်မှုရှိစေခဲ့သည်။ ဤလမ်းမကြီးမှဖြတ်တိုင်း ရာသီအလိုက် ပဲ၊ ပြောင်း၊ နှမ်း၊ စပါး၊ ကြံ စိုက်ခင်းများကိုသာမက ဖရဲ၊ သခွား၊ ဘူး၊ ဖရုံ စိုက်ခင်းစုံကိုပါ မြင်တွေ့ခဲ့ရသည်။ လယ်ခင်းယာခင်းများတွင်ကောက်ပဲသီးနှံများကို ဝေဝေဆာဆာမြင်တွေ့ရတိုင်း ကြည်နူးစိတ်နှင့်အတူ ဝမ်းသာပီတိဖြစ်မိသည်။ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်သူဦးကြီးများကို အားထားသည်။ အားပေးအားမြှောက်ပြုသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့၏အခြေခံသည် ကျေးလက်မှစတင်သည်။ လိုအပ်သည့်နည်းပညာများနှင့် စိုက်ပျိုးရေးအထောက်အကူများကို နိုင်ငံတော်အနေဖြင့် မျှဝေပေးနေသည်များကိုလည်း မြင်တွေ့ရသည်။ လမ်းမကြီးထက် အထက်အောက်စုန်ဆန်ဖြတ်သန်းမောင်းနှင်နေကြသော ကုန်တင်ကားကြီးများပေါ်တွင် ရှမ်းပြည်မှတင်သွင်းလာသော စားသောက်ကုန်များ၊ မြေလတ်ဒေသမှ သယ်ဆောင်လာသော ကြက်သွန်၊ ငရုတ်များ တစ်ဖန် မြန်မာပြည်အောက်ပိုင်းမှထွက်ရှိသော စက်မှုကုန်ကြမ်းများအစရှိသည်တို့သည် ပြည်တွင်းဖြစ် စိုက်ပျိုးရေးကဏ္ဍမှ ထွက်ရှိသည့် အကျိုးရလဒ်များပင်ဖြစ်ပေသည်။

နိုင်ငံ၏မြေမျက်နှာသွင်ပြင်အနေအထားနှင့် ကမ္ဘာ့ပထဝီဝင်အနေအထားအရ ကျွန်တော်တို့နိုင်ငံ၏တည်ရှိမှုသည် အင်မတန်ကံထူးလှသည်ဟုဆိုရပေမည်။ သင့်တင့်မျှတသော ရာသီဥတုကြောင့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီမပြတ် စိုက်နိုင်ပျိုးနိုင်သည်။ မြေဆီမြေနှစ်လည်းပေါကြွယ်ဝသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေလည်း ထိုက်သင့်သလောက်ရှိနေသည်။ သဘာဝပေးရေကို လူတို့၏ကြံဆမှုဖြင့် ပေါင်းစပ်အသုံးချ၍ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏အဓိကပန်းတိုင်ဆိုလည်းမမှားပါချေ။ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း တိုင်းပြည်စားရေရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေသည်။

ဤနေရာတွင် " အူမတောင့်မှ သီလစောင့်မည်" ဟူသော ဆိုရိုးလေးကိုသတိရမိသည်။ တိုင်းသူပြည်သားအားလုံး စားရေရိက္ခာဖူလုံ၍ ဝမ်းဝအောင်စားသုံးနိုင်မည်။ ပိုလျှံသည်ကိုရောင်းချမည်။ တစ်ဖန်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက်လည်း အဆင်ပြေလာမည်ဆိုလျှင် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုရှိနေမည်မှာမလွဲသေချာပင်ဖြစ်သည်။ အခြေခံအကျဆုံးသော စားရေရိက္ခာမဖူလုံမပြည့်စုံခြင်းကြောင့် လူသားတို့၏လိုအင်ဆန္ဒများမပြည့်ဝကာ ကိုယ်ကျင့်တရားများပျက်ယွင်းကြရသည်။ နောက်ဆုံးတွင် လက်နက်ကိုင်အကြမ်းဖက်သည်အထိ ဖြစ်လာကြသည်။ ထိုသို့မဖြစ်ရလေအောင် နိုင်ငံတော်အကြီးအကဲအနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးကို တစိုက်မတ်မတ်အားပေးဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပေသည်။

တစ်ဖန် **" နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသောစကားနှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စားနပ်ရိက္ခာလုံလောက်စွာရရှိစေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း မျိုးကောင်းမျိုးသန့်များရရှိအောင် စနစ်တကျသုတေသနပြုဆောင်ရွက်ရန်၊ ဝါနှင့်ပတ်သက်၍လည်း ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ကြရန်၊ ဝါးသည်လည်း အဖိုးတန်ကုန်ကြမ်းဖြစ်၍ ဝါးစက္ကူပျော့ဖတ်ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်နိုင်ရန်၊ ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှရရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများကိုအသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်ရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်လာစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ပြပွဲများ၊ ပြိုင်ပွဲများကိုကျင်းပကာ အကျိုးဆက်အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းပေါ်ထွက်လာစေခဲ့သည်။ နိုင်ငံတော်အဆင့် MSME ပြပွဲများကျင်းပ၍လည်း ဒေသအလိုက်ကုန်ထုတ်လုပ်မှုများကိုပြသစေပြီး ပြည်ပကပါစိတ်ဝင်စားမှုရှိလာအောင် ဆောင်ရွက်ပေးနေမှုများကိုလည်း မကြာခဏဆိုသလို တွေ့မြင်ခဲ့ရသည်။

**စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်တောင်သူများအတွက် ၂၀၂၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သကဲ့သို့ လက်ဆွဲမျိုးစေ့ချကိရိယာများကိုလည်း ပံ့ပိုးပေးထားသည်ကို သတင်းများတွင်တွေ့ရှိခဲ့ရ၏။ ထိုသို့ပံ့ပိုးမှုရရှိထားသောဒေသများမှ တောင်သူများအနေဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန်ကြိုးစားဆောင်ရွက်ကြဖို့သာလိုပေသည်။ သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက်ဟုဆိုကာ စိုက်ပျိုးမြေများကိုတိုးချဲ့ခြင်းထက် ရှိထားပြီးသားစိုက်ပျိုးမြေများတွင် တစ်ဧကသီးနှံအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်ပို၍လိုအပ်သည်။**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်တောင်သူများအတွက် ၂၀၂၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သကဲ့သို့ လက်ဆွဲမျိုးစေ့ချကိရိယာများကိုလည်းပံ့ပိုးပေးထားသည်ကို သတင်းများတွင် တွေ့ရှိခဲ့ရ၏။ ထိုသို့ပံ့ပိုးမှုရရှိထားသောဒေသများမှ တောင်သူများအနေဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် ကြိုးစားဆောင်ရွက်ကြဖို့သာလိုပေသည်။ သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက်ဟုဆိုကာ စိုက်ပျိုးမြေများကို တိုးချဲ့ခြင်းထက်ရှိထားပြီးသားစိုက်ပျိုးမြေများတွင် တစ်ဧကသီးနှံအထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်နိုင်ရန် ပို၍လိုအပ်သည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်သူများဖြစ်သောကြောင့် ကျေးလက်စီးပွားရေးကိုမြှင့်တင်ပေးမှသာ နိုင်ငံတော်၏စီးပွားရေးတိုးတက်လာမည်ဖြစ်ကာ ဆင်းရဲမှုကိုပါလျှော့ချပေးနိုင်မည်ဖြစ်သည်။

အောက်တိုဘာလ ၁၆ ရက်တွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့်တွေ့ဆုံအမှာစကားပြောကြားစဉ် **"သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း"** ဟူ၍ ထည့်သွင်းမှာကြားခဲ့သည်ကို မှတ်သားသိရှိခဲ့ရပါသေး၏။

နိုင်ငံ့စီးပွားတိုးတက်ရန် ပြည်တွင်းထုတ်ကုန်များမဖြစ်မနေလိုအပ်သည်။ ထွက်ရှိလာသောထုတ်ကုန်များကို အားပေးကြရန်လိုသည်။ ထုတ်ကုန်မရှိလျှင်ရောင်းစရာကုန်ပစ္စည်းလည်း ရှိနိုင်မည်မဟုတ်ပေ။ လွန်ခဲ့သည့် ၁၀ စုနှစ်တစ်ခုကျော်ချိန်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပအကူအညီများနှင့် non-trade မှ ရရှိသည့် ငွေများဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့ခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ပန်းတိုင်ရည်မှန်းချက်များရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေများပြကာ တိုင်းပြည်စီးပွားရေးအားနည်းခဲ့ရသည်၊ တစ်ဖန်ကြိုတင်မျှော်မှန်းနိုင်ခြင်းမရှိသော ကိုဗစ်-၁၉ ကဲ့သို့ရောဂါများ၊ သဘာဝဘေးဒဏ်များနှင့် လျှင်ဘေးဒဏ်များကလည်း တိုင်းပြည်စီးပွားရေးကို အဟန့်အတားများဖြစ်စေခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှစတင်၍ ယခင်ကာလများနှင့်မတူတစ်မူထူးကဲစွာ ကြိုးစားအကောင်အထည်ဖော်ခဲ့သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ယနေ့အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကာလတိုင်ဆက်လက်၍ ရုပ်လုံးပေါ်အောင် ဆောင်ရွက်နေဆဲဖြစ်သည်ကိုတွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်အတွက် စိတ်ရင်းစေတနာမွန်ဖြင့်ဆောင်ရွက်ပေးနေချိန်တွင် ကျွန်တော်တို့သားအဖ ဖြတ်လာခဲ့ရသော မြို့ရှောင်လမ်းဘေးဝဲ၊ ယာနှင့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးမှ မြင်မြင်သမျှသော လယ်ယာရှုခင်းအဖုံဖုံနှင့် ရွှေနှင့်ယှိုးမှား စပါးပုံကြီးများသည် နှစ်ထောင်းအားရစရာကောင်းလှသည်။ ဤမြင်ကွင်းတို့သည် အစိုးရနှင့်ပြည်သူ၊ အစိုးရနှင့်တောင်သူဦးကြီးများ၏ တွဲလက်ညီညီကြိုးစားအားထုတ်မှုများ၏ ပြယုဂ်များဟုလည်းဆိုရပေမည်။ ဆက်လက်၍လည်း ချမှတ်ထားသော ဆောင်ပုဒ်နှင့်အညီ ယခုထက်မက ကြိုးစားအားထုတ်မည်ဆိုပါလျှင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာကာ နိုင်ငံတော်သည်လည်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း အိမ်အပြန်ခရီးမှ အတွေးတချို့အား မျှဝေရေးသားလိုက်ရပါသည်။ ။

**နွေကုံကော်(မြို့လှ)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**
**(၁၄-၁၁-၂၀၂၅)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေး။
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း Virtual စနစ်ဖြင့် တွေ့ဆုံ




နေပြည်တော် နိုဝင်ဘာ ၈

ပြည်သူ့ဆေးရုံများ သန့်ရှင်းသာယာကောင်းမွန်စေရေး ပြင်ဆင်မွမ်းမံမည့်ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိစေရေးအတွက် တိုက်နယ်ဆေးရုံများအထိ ဆရာဝန်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပညာရေး၊ ကျန်းမာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အထူးရန်ပုံငွေများချထားပေးရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူအများ အားကိုးအားထားရာဆေးရုံများ ဖြစ်လာစေရန် ဆေးရုံဥပဓိရုပ်လှပရေး၊ သပ်ရပ်သန့်ရှင်းစေရေး၊ ရေ မီး၊ မိလ္လာစနစ်များ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်၊ ဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းကာ ပြည်သူများ အားကိုးယုံကြည်ရသည့် ပြည်သူ့ဆေးရုံများဖြစ်စေရေးအတွက် လူနာများ အရေးပေါ်လူနာဌာနသို့ ရောက်ရှိချိန်မှ စတင်ကာ ပြည်သူများ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ဆေးကုသမှုရရှိနိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ဆေးရုံများတွင် အရေးပေါ်နှင့်ပြင်ပလူနာကောင်းမွန်စေရေးအတွက် လိုအပ်သော ပြင်ထိန်းလုပ်ငန်းများကို သေချာစွာကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့က လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးများ၏တင်ပြချက်များနှင့် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည်တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာများ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့နှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည်တည်ဆောက်မည့်ဝန်ထမ်းအိမ်ရာများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည်တည်ဆောက်မည့် အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီပိုင်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA)တို့မှ တာဝန်ရှိသူတို့က ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ တည်ဆောက်ရန်လျာထားသည့် အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းများအမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး၊ မြေစမ်းသပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒီဇိုင်းပုံစံများ ဆောင်ရွက်ပြီးဖြစ်၍အမြန်ဆုံးမြေပြင်တွင် စတင်ဆောင်ရွက်ရန်နှင့် တည်ဆောက်ဆဲကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည်များရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတံတား (ရတနာပုံ)သို့သွားရောက်၍ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကောင်းချိုက ပျက်စီးမှုအပိုင်းအလိုက် ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်တို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတံတား (ရတနာပုံ)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်း အသုံးပြုနိုင်စေရေးအတွက် မော်တော်ယာဉ်များ၏ခံနိုင်ဝန်ကို စနစ်တကျ တွက်ချက်၍ နေ့စဉ်မှတ်တမ်းထားရှိ ဆောင်ရွက်ရန်လိုကြောင်း၊ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားပေါ်တွင် ယာဉ်ကြီး/ယာဉ်ငယ်များ ခွင့်ပြုတန်ချိန်အတိုင်း ဖြတ်သန်းသွားလာနိုင်ရေး စစ်ဆေးကြပ်မတ်ပေးရန်တို့ကို မှာကြားသည်။



ဧရာဝတီတံတား(ရတနာပုံ)သည်မန္တလေး ငလျင်ကြီးကြောင့် တံတားအစိတ်အပိုင်းများ ထိခိုက်ပျက်စီးသွားသည့်အတွက် ပထမဦးစားပေးအနေဖြင့် ပြုပြင်ခဲ့ရာ Bracing လဲလှယ်ခြင်း ၃၂ နေရာလုံးပြီးစီး၍ Gusset Plate လဲလှယ်ခြင်းမှာလည်း ၆၈ နေရာ အားလုံး လဲလှယ်ပြီးဖြစ်၍ ခရီးသည်တင်ယာဉ်နှင့် ၁၂ ဘီး ကုန်တင်ယာဉ်များအား ၂၅ တန်အထိ ဖြတ်သန်းခွင့်ပြုထားသည်။

ဒုတိယဦးစားပေးလုပ်ငန်းများဖြစ်သော RP-4 နှင့် RP-5 ၏ Haunch အပိုင်းရှိ Inclined Member နှင့် Vertical Member များအား ထပ်မံအားဖြည့်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ မူလအတိုင်း ဖြတ်သန်းသွားလာနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးက ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုအခြေအနေ၊ အရာထမ်း/အမှုထမ်းများအတွက် အဆောက်အအုံ ခုနစ်လုံးအား မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)မှ အသစ်ပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## လောဘမကြီးနဲ့ (သန္တုဋ္ဌိစ)

### (၃၈) ဖြာမင်္ဂလာ

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ညနေက အစားများသွားသဖြင့် စိုးသူတစ်ယောက် တစ်ညလုံး ရင်ပြည့်ရင်ကယ် ခံစားနေရတော့သည်။

မေမေက ရင်ဘတ်ကို ဆေးလူးပေးရင်း နွေးထွေးအောင် စောင်ပါးလေးခြုံပေးထားခဲ့သည်။

"အင်း သားက အစားအစာ တယ်လောဘကြီးတာကိုး၊ လောဘကြီးတဲ့ဒဏ် အခုခံနေရပြီပေါ့"

မေမေပြောသည်ကို စိုးသူနှုတ်ဆိတ်၍သာနေမိသည်။ ရင်ထဲမှ မတင်မကျဖြစ်နေသော ဝေဒနာသည် အစားကြူးမိသော စိုးသူ၏ ပြစ်ဒဏ်အဖြစ် တစ်ညလုံး နှိပ်စက်နေတော့သည်။

မိုးလင်းပိုင်းမှ သက်သာသလိုရှိလာ၍ သားအမိနှစ်ယောက် အိပ်ပျော်သွားကြသည်။ ဖေဖေခြံထဲဆင်းသွားသည်ကိုပင် သားအမိနှစ်ယောက်စလုံး မသိလိုက်ကြချေ။

စိုးသူနိုးလာတော့ ဆွမ်းခံဝင်ချိန်ပင်ရောက်နေသည်ကို သတိပြုလိုက်မိသည်။ စိုးသူလည်း သက်သာလာပြီဖြစ်၍ အိမ်ရှေ့ဧည့်ခန်းသို့ထွက်ထိုင်နေလိုက်သည်။ မေမေက ချက်ပြုတ်မှုတာဝန်ကို ပြုလုပ်နေလေသည်။

"ဒေါ်လေးရှိလား"

အသံကြောင့် အိမ်ရှေ့သို့ စိုးသူလှမ်းကြည့်လိုက်မိသည်။ အိမ်ပေါ်သို့ အသံပြုရင်းတက်လာသော လှတိုး၏အမေ ဒေါ်ဆင့်ဆင့်တိုးကို တွေ့လိုက်ရသည်။

"ရှိတယ် ဒေါ်လေး၊ လာ... တက်ခဲ့လေ"

စိုးသူက ဧည့်သည်ကိုလှမ်းခေါ်ရင်း ဖျာခင်းပေးလိုက်သည်။ မေမေက နောက်ဖေးမီးဖိုချောင်မှထွက်လာပြီး

"ဟယ် ဆင့်ဆင့် ငါလည်းညည်းကိုမျှော်နေတာ" ဟု အားရဝမ်းသာပြောလိုက်ပါသည်။

"မော်ဇာရောက်ရောက်ချင်းလာမလို့ဘဲ ဒေါ်လေးရယ်၊ အိမ်ကိုအထိုင်ကျအောင်လုပ်နေရတာနဲ့" ဟု ဒေါ်ဆင့်ဆင့်တိုးက ပြန်ဖြေလိုက်လေသည်။

"ဒေါ်လေးကတော့ အရင်လိုပဲ ဝလို့ဖီးလို့နော်" ဟု စကားဆိုလေသည်။

"မော်ဇာမှာကတော့ ညည်းတို့ရန်ကုန်လို မဟုတ်ဘူးလေ၊ လေကောင်းလေသန့်လည်းရတယ်၊ နေ့စဉ်အိမ်မှုတာဝန်တွေကလည်း လေ့ကျင့်ခန်းတစ်ခုလိုဖြစ်နေတော့ ကိုယ်ခန္ဓာလှုပ်ရှားသွက်လက်နေတာပေ့ါ" ဟု မေမေက ပြန်ဖြေလိုက်လေသည်၊ ပြီးမှ

"ညည်း ပိန်သွားတယ်နော်"

"ဟုတ်တယ်ဒေါ်လေးရယ်၊ ကလေးတွေအဖေက ကောင်းကောင်းကျွေးပါတယ်၊ ကျွန်မကိုယ်တိုင်က ပိန်နေတာ"

ဒေါ်ဆင့်ဆင့်တိုးက မေမေ့စကားအဆုံးမှာ ညည်းသံလေးနှင့် ပြန်ဖြေလေသည်၊ ပြီးမှ

"မော်ဇာမှာကတော့ အစားအသောက်အတွက် ရမွှက်မရှိဘူးလေ၊ ဝေးဝေးသွားစရာမလိုဘဲ ခြံထွက်သီးနှံနဲ့လည်း ပြီးသွားနိုင်တာပဲ၊ လွယ်လွယ်ကူကူရသမျှ အစားအစာလေးနဲ့ ရောင့်ရဲနိုင်ခြင်းဟာလည်း လူကိုချမ်းသာစေတာပဲနော် ဒေါ်လေး" ဟု မှတ်ချက်ပြုလာလေသည်။

"တင်းတိမ်ရင် မြိန်ယှက်ဆိုတဲ့စကားလိုပဲပေ့ါ။ တင်းတိမ်သူမှာ အမြဲတမ်းစိတ်ချမ်းသာတယ်၊ စိတ်ချမ်းသာရင် ကိုယ်ကျန်းမာတာပေ့ါအေ"

ဒေါ်ဆင့်ဆင့်တိုးက မေမေ့စကားကို ခေါင်းညိတ်၍ လက်ခံလေသည်။ မေမေကဆက်၍

"တင်းတိမ်တာ ကောင်းတယ်ဆိုတိုင်း တတ်နိုင်လျက်နဲ့ မကြိုးစားရင်လည်း ပေ့ါလျော့ဆုတ်နစ်မှုဖြစ်တတ်တယ်၊ တရားသဖြင့် ဥစ္စာရှာ၊ လောဘအလွန်မကြီးဖို့ကိုလည်း သတိထား"

"ဟုတ်ကဲ့"

မေမေ့စကားအဆုံးမှာ ဒေါ်ဆင့်ဆင့်တိုးက ကျေနပ်သောမျက်နှာနှင့် အခြားအကြောင်းအရာများကို ဆက်လက်ပြောဆိုနေပါသည်။ မေမေနှင့် ဒေါ်ဆင့်ဆင့်တိုးပြောနေသည့် စကားဝိုင်းမှ စိုးသူ အသိတစ်ခုရလိုက်ပါသည်။

"တရားသဖြင့် စီးပွားရှာ၊ လောဘမကြီးနဲ့" ဟူသော အသိတရားသည် စိုးသူရင်ထဲ၌ ထာဝရ ကိန်းဝပ်သွားမည်ဖြစ်ပါတော့သည်။ ။

## လယ်သင်ပုတ်



ကောက်စိုက်ချိန်၊ စပါးရိတ်ချိန်တွေမှာ မိရိုးဖလာယုံကြည်မှုအရ လယ်သင်ပုတ် တင်ကြရပါတယ်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရေးအတွက် ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်တွေကို တင်မြှောက်ပသရတာမျိုးပေ့ါ။

သည်နေ့ စပါးပုတ်ပြတ်ရိတ်ကြဖို့ လယ်ထဲဆင်းခါနီးကျမှ ခါတိုင်း လယ်သင်ပုတ်တင်နေကျလူက ပါမလာ။ လယ်သင်ပုတ် မတင်ဘဲနဲ့တော့ ဘယ်သူကမှ လယ်ထဲမဆင်းရဲကြဘူးဆိုပဲ။ နောက်ဆုံးတော့ အသက်အကြီးဆုံးဖြစ်တဲ့ ကိုကြီးကျော်သိန်းက

"ကဲပါဟယ် . . . ငါပဲတင်ပေးပါ့မယ်၊ နင်တို့သာ စိတ်ချလက်ချ ရိတ်ကြစမ်းပါ" ဆိုပြီး လယ်ရှင်က လယ်သင်ပုတ်တင်ဖို့ အဆင်သင့်ထည့်ပေးလိုက်တဲ့ကောက်ညှင်းပေါင်းထုပ်လေးဆွဲပြီး စပါးခင်းထောင့်ဆီထွက်သွားတယ်။ ကိုကြီးကျော်သိန်းတစ်ယောက် အရှေ့ဘက်စပါးခင်းထောင့်ကနေ အဖွဲ့ကိုကျောပေးပြီး တတွတ်တွတ်နဲ့ ရွတ်ဖတ်တင်မြှောက်နေတာများ၊ ကွမ်းတစ်ယာညက်လောက်တောင်ကြာရဲ့။

လယ်သင်ပုတ် အတင်ကောင်းလို့ပဲလားတော့မသိ။ စပါးရိတ်ရာမှာ နေကုန်တဲ့ထိ ဘာပိုးကောင်မွှားကောင်မှ မတွေ့ရ။ ညနေ နေစွယ်ကျိုးလို့ တံစဉ်ခါးထိုးပြန်ချိန်ကျတော့ ကောင်မလေးတွေက ကိုကြီးကျော်သိန်းကို ဝိုင်းချီးကျူးကြတာပေ့ါ။

"ကိုကြီးကျော်သိန်းတို့များ စာတတ်ပေတတ်လို့ မပြောရဘူး၊ လယ်သင်ပုတ်တင်နေလိုက်တာ အကြာကြီးပဲတော့"

"နင်တို့ထင်လို့ပါဟာ၊ ငါဖြင့်ဘာမှမတတ်ပါဘူး"

"အမယ် ...နောက်ကနေ ကျုပ်တို့လှမ်းကြည့်နေတာ၊ တော့်ပါးစပ်က တလှုပ်လှုပ်နဲ့ပါ"

"အဟီး...အဲ့ဒါ ငါဟိုဘက်လှည့်ပြီး ကောက်ညှင်းပေါင်းတွေစားနေတာဟ" တဲ့။

ဖိုးစလုံး

## လူငယ်နှင့် သည်းခံမှု

လူငယ်ဖတ်စာ

ခန္တီစ သည်းခံခြင်းဟာ မင်္ဂလာတစ်ပါးလို့ မင်္ဂလာတရားတော်မှာ ဆိုထားပါတယ်။ သည်းခံစိတ်ဟာ တိုးတက်အောင်မြင်ချင်တဲ့ လူငယ်တွေအတွက် အရေးကြီးတဲ့ စိတ်ထားဖြစ်ပါတယ်။ လူချစ်၊ နတ်ချစ်၊ သူတော်ကောင်းပညာရှိတွေချစ်တဲ့ အလုပ်ပါ။ လောဘ၊ ဒေါသ၊ မောဟတရားတွေကို သည်းခံတတ်ရပါမယ်။ ရန်သူအပေါ်မှာတောင် သည်းခံစိတ်ထားရှိတတ်ရပါမယ်။ လောကမှာ အပြင်မီး အတွင်းမီးတွေကို သည်းခံနိုင်အောင် ကြိုးစားအားထုတ်ခြင်းဟာ ခက်ခဲလှပေမယ့် လူငယ်တွေအတွက် ကောင်းကျိုးချမ်းသာကိုပေးပါတယ်။

ဘာတွေကိုသည်းခံရမလဲ။ အခက်အခဲတွေကိုသည်းခံပါ။ လောကဓံတရားရှစ်ပါးကိုသည်းခံပါ။ သူတစ်ပါး ပြစ်မှားချင်စိတ်ကိုသည်းခံပါ။ မကောင်းမှုပြုချင်တဲ့စိတ်ကိုသည်းခံပါ။ သည်းခံခြင်းဟာ ဘဝအောင်မြင်တိုးတက်ဖို့အတွက် အခွင့်အလမ်းတစ်ခုပါပဲ။ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ သည်းခံခြင်းပါရမီနဲ့ပြည့်စုံလို့ ဘုရားရှင်ဖြစ်လာတာပါ။ သည်းခံတယ်ဆိုတာ ပညာရှိသူတော်ကောင်းတို့ရဲ့ လက်နက်ကောင်းတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်တွေ သည်းခံခြင်းတရားနဲ့ ဘဝကိုအောင်မြင်မှုရအောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းပါရစေ။

သည်းခံတာနဲ့ပတ်သက်ပြီး ရာဇဝင်လာအဖြစ်အပျက်တစ်ရပ်ကို လူငယ်တွေအတွက် မျှဝေပေးချင်ပါတယ်။

သက္ကရာဇ် ၇၂၆ ခုနှစ်က အင်းဝနန်းတက်တဲ့သတိုးမင်းဖျား လက်ထက်မှာ နန်းတော်ထဲက ချမ်းသာတဲ့သူတွေဆီက ပစ္စည်းခိုးယူပြီး ဆင်းရဲသားတွေကို ဝေမျှပေးလေ့ရှိတဲ့ သူခိုးကြီးငတက်ပြားဆိုတာရှိတယ်။ အစွမ်းထက်လှတာမို့ အင်းဝဘုရင်ကိုယ်တိုင် ငတက်ပြားရဲ့ တပည့်ယောင်ဆောင်ပြီး ဖမ်းခဲ့ရတယ်။ သူခိုးကြီးငတက်ပြားကိုဖမ်းမိတော့ ဘုရင်သတိုးမင်းဖျားက မေးတယ်။

"မောင်မင်းကို ကွပ်မျက်မယ်။ မောင်မင်းအနေနဲ့ ရဲတင်း၊ ပုဆိန်၊ ဓား၊ လှံ၊ တံကျင် ဘယ်ဟာနဲ့ ကွပ်မျက်ခံဖို့အလိုရှိပါသလဲ" ပေ့ါ။

ဒီတော့ သူခိုးကြီးငတက်ပြားက ဘယ်လက်နက်နဲ့ဖြစ်ဖြစ် သေရမှာပဲ။ မထူးတော့ဘူးဆိုပြီး "မှန်လှပါ ရဲတင်း၊ ပုဆိန်၊ ဓား၊ လှံ တစ်ခုကိုမျှ အလိုမရှိပါဘူးဘုရား၊ အရှင်ဘုရားရဲ့ မိဖုရားစောဥမ္မာကိုသာ အလိုရှိပါတယ် ဘုရား" လို့ ရဲရဲဝံ့ဝံ့လျှောက်တင်လိုက်သတဲ့။

ရုတ်တရက် ဘုရင်ကြီး အမျက်ဒေါသထွက်သွားတာပေ့ါ။ ဒါပေမဲ့ ဘုရင်က ခဏလေးအတွင်းမှာ ဆင်ခြင်တွေးတောမိလိုက်တယ်။ ငတက်ပြားက သေလူ။ လူဆိုတာ အသက်တစ်ချောင်းသာ သေစရာရှိတယ်။ နှစ်သက်သေစရာမရှိ။ ဒါကြောင့် ရဲရင့်စွာ ဤသို့သောစကားကို ပြောဆိုရဲခြင်းဖြစ်တယ်။ ရဲရင့်တဲ့သူတွေဟာ သတ္တိရှိတယ်။ ငါသည်းခံမှုဖြစ်မယ်။ ငါသည်းခံလိုက်ရင် ရဲရင့်တဲ့ အမှုတော်ထမ်းတစ်ဦးရနိုင်တယ်လို့ စဉ်းစားဆင်ခြင်မိလိုက်တယ်။

"မောင်မင်းဟာ ရဲရင့်ပါပေတယ်။ ငါကိုယ်တော်မြတ် အသက်ချမ်းသာပေးလိုက်မယ်။ ငါ့ရဲ့အမှုတော်ထမ်းအဖြစ် ဆောင်ရွက်ရမယ်" လို့ အမိန့်တော်ချလိုက်တယ်။

ငတက်ပြားလည်း အံ့အားသင့်စွာနဲ့ "အရှင့်အမှုတော်ထမ်းအဖြစ် သက်စွန့်ကြိုးပမ်းထမ်းရွက်ရန် အသင့်ရှိပါကြောင်း" လျှောက်တင်လိုက်တယ်။

တစ်နှစ်လောက်ကြာတော့ တောင်တွင်းကြီးစားဟာ ဘုရင်သတိုးမင်းဖျားကို ပုန်ကန်ခြားနားတယ်။ ဘုရင်ကိုယ်တိုင် ဆင်မြင်းရဲမက်ဗိုလ်ပါအပေါင်းနဲ့ ချီတက်တိုက်ခိုက်တယ်။ တောင်တွင်းစားရဲ့ လေးသည်တော်တွေကြောင့် ရှေ့ဆက်မတက်နိုင်ဘူး။ ဘုရင်က ညအချိန်မှာ ငတက်ပြားကို မြို့ရိုးကိုကျော်တက်ပြီးမြို့ထဲဝင်စေတယ်။ ငတက်ပြားက ညအချိန်မှာ မြို့ရိုးပေါ်က လေးသည်တော်တွေကို အဖွဲ့နဲ့ တိတ်တဆိတ်တိုက်ခိုက်လုပ်ကြံတယ်။ လေးသည်တော်တွေကျသွားတော့ သတိုးမင်းဖျားတို့ရဲ့ တပ်ဟာ တောင်တွင်းကို လွယ်ကူစွာ တိုက်ခိုက်သိမ်းပိုက်နိုင်ပြီး တောင်တွင်းစားကိုယ်တိုင် အညံ့ခံအရှုံးပေးလိုက်ရတယ်။

အကယ်၍ သတိုးမင်းဖျားသာ သူခိုးကြီးငတက်ပြားကို ဖမ်းမိခဲ့စဉ် ငတက်ပြားနဲ့ မချေမငံပြောဆိုခဲ့တဲ့စကားတွေ၊ အပြုအမူတွေကို သည်းမခံနိုင်ခဲ့ရင်၊ သည်းမခံဘဲ သတ်ဖြတ်ခဲ့မိရင်၊ ငတက်ပြားလို သူရဲကောင်းတစ်ယောက်ရမှာမဟုတ်သလို တောင်တွင်းစားရဲ့ ပုန်ကန်ထကြွမှုကို နှိမ်နင်းနိုင်မှာမဟုတ်ပါဘူး။ သည်းခံခြင်းအားဖြင့် အောင်မြင်မှုရရှိခဲ့တယ်လို့ဆိုနိုင်ပါတယ်။

ဒါကြောင့် သည်းခံခြင်းဟာ အရာရာကိုအောင်မြင်စေနိုင်ပါတယ်။ "ခန္တီစ – သည်းခံခြင်းသာ အောင်မြင်ရာ" လို့ ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ အမှုကိစ္စတိုင်းအပေါ် သည်းခံခြင်းတရားလက်ကိုင်ထား၍ ဘဝခရီးတစ်လျှောက် အောင်မြင်မှုတွေ ထွေးပိုက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

ရဲမွန်ကျော်

## ပဲခူးမြို့ မဟာတန်ဆောင်တိုင်မီးပုံးပျံ ဖွင့်ပွဲနှင့် လွှတ်တင်ပူဇော်ပွဲကျင်းပ



ပဲခူး နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဟာတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာလ ၆ ရက်ညပိုင်းတွင် ရွှေမော်ဓောဘုရားယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ တိုင်းရင်းသား/တိုင်းရင်းသူများက ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ အလှမီးအိမ်များဖြင့် မီးစကြာလှည့်လည်၍ ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အခမ်းအနားပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့်တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော်စာတန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး "ပဲခူး"ဟု စာတန်းဖော်ထားသည့် ရောင်စုံမီးပုံးပျံ အသေး ၁၀၀၀၊ စိန်နားပန်မီးပုံးပျံအကြီး ခြောက်လုံးတို့အား လွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ခြင်းများ ပြုလုပ်ကြသည်။

ဆက်လက်၍နိုဝင်ဘာလ ၇ ရက်ညပိုင်းတွင် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ဒုတိယညဆက်လက်ကျင်းပရာ စိန်နားပန်မီးပုံးပျံအကြီးခုနစ်လုံးလွှတ်တင်ပူဇော်ကြသည့်အပြင် မီးပုံးပျံအသေးများလည်း ထည့်သွင်းလွှတ်တင်ပူဇော်ကြသည်။ စိန်နားပန်မီးပုံးပျံအကြီးများတွင် အထိမ်းအမှတ်သင်္ကေတများ၊ စာတန်းများ၊ ရုပ်ပုံများချိတ်ဆွဲလွှတ်တင်ပြီး မီးရှူးမီးပန်းများလည်းပစ်ဖောက်ကြသည်။ ညပိုင်းအချိန်တွင် နိုင်ငံကျော်သရုပ်ဆောင်၊ အဆိုတော်များက သီဆိုဖျော်ဖြေတင်ဆက်ကြသဖြင့် စည်ကားကြောင်းသိရသည်။

ဥသာတိုင်းသား

## လူငယ်ကြိုးစား ပြည်အကျိုးများ

❖ နောင်ချိန်ကာလ၊ တိုင်းပြည်လှဖို့
ကျနသေချာ၊ ပြုစုကာရယ်
သာညီစိတ်ဓာတ်၊ မွေးမြူတတ်ဖို့
မပြတ်ကျင့်ကွယ် ချစ်လူငယ်။
❖ နိုင်ငံပြည်တိုင်း၊ လူမျိုးတိုင်းက
တိုင်းပြည်တိုးတက်၊ လူမျိုးထက်ဖို့
စွမ်းလျက်သေချာ၊ အဖြေရှာပြီး
သာတူညီမျှ၊ စိတ်အလှကို
မွေးကြစေရာ၊ အားပေးလာသည်
ယူကာထပ်တိုး ကျင့်ကြံပျိုး။
❖ ကာယဉာဏ၊ စာရိတ္တနှင့်
မိတ္တဘောဂ၊ အလွန်လှလို့
ရကြစေရာ၊ ကျင့်သုံးပါက
လူ့သာပဓာန၊ ဖြစ်စေရပြီး
အလှကမ္ဘာ၊ ပြည့်စုံလာလို့
လိုရာဆောင်လှမ်း၊ အောင်ပွဲနန်းကို
စံမြန်းနိုင်မယ် အိုလူငယ်။
❖ ဗလငါးတန်၊ သင်ယူပြန်လို့
တစ်ဖန်ကြိုးစား၊ လူငယ်များထံ
မနားမအိပ်၊ မျိုးချစ်စိတ်ကို
ပြည့်သိပ်စိတ်တွင်း၊ အမှန်သွင်း၍
ရင်တွင်းမှာလေ၊ သိမ်းထားစေပြီး
တို့မြေဘဝ၊ တစ်သက်လှဖို့
ပြသကာကွယ် အိုလူငယ်။
❖ အမျိုးဘာသာ၊ သာသနာနှင့်
ပညာတန်ဖိုး၊ မြတ်နိုးစေကာ
စာပေဂီတ၊ အဝဝကို
ပြည့်ဝမနေး၊ ကျန်းမာရေးနှင့်
မဝေးသေချာ၊ ကောင်းစေလာဖို့
လိုက်နာဆောင်ရွက်၊ ပြည်ကျိုးဆက်မည်
တစ်သက်တာပေ၊ စွမ်းနိုင်စေသား
အဖြေအမြတ်၊ ကြိုးသတ်မှတ်လို့
မလပ်စေရေး ဆောင်ရွက်ပေး။
❖ လူငယ်ဆိုသည်၊ တိုင်းပြည်အနာဂတ်
မရပ်စေရာ၊ သန်မာစွာနှင့်
မြန်မာရဲ့ခရီး၊ အရင်းနီးမို့
ကြီးမားခိုင်မာ၊ မျှော်လင့်ပါသည်
ညီညာစွမ်းအား၊ ပြည်ထွန်းကားဖို့
အားကိုမခြွေ၊ မရွံ့လေဘဲ
စေတနာကြွယ်၊ မေတ္တာရယ်နဲ့
ယူကွယ်ပျိုးထား၊ ပြည်အကျိုးများ။
လူငယ်ကြိုးစား၊ ပြည်တိုးပွား။
အတူရယ်နိုးကြား၊ ပြည်တန်ခိုးထွား။ ။

**ဝင်းကျော်ကျော်(ပျဉ်းမနား )**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒလမြို့နယ်တရားရုံး အဆောက်အဦသစ်ဖွင့်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၈**

ဒလမြို့နယ်တရားရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တွံတေးခရိုင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလ-တွံတေးလမ်းရှိ ဒလမြို့နယ်တရားရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားလွှတ်တော်တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်တို့က ရုံးအဆောက်အဦသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် မြို့နယ်တရားရုံးဆိုင်းဘုတ်ကိုလည်း စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက်ဒုတိယပိုင်းအစီအစဉ်အား အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ Diamond City ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်မောင်က ရုံးအဆောက်အဦနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ရုံးအဆောက်အဦနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဒလမြို့နယ်တရားသူကြီး ဦးသက်ပိုင်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်တရားသူကြီးက မြို့နယ်တရားရုံးအဆောက်အဦသစ်အားရုံးသစ်ဖွင့်လှစ် ဆောင်ရွက်နိုင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။


ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့အား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က အဆောက်အဦသစ်ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ကိုပေးအပ်ခဲ့သည်။

အဆိုပါဒလမြို့နယ်တရားရုံးအဆောက်အဦသစ်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၂၆၂၂ ဖြင့် Diamond City ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ဒလမြို့နယ်တရားရုံးသည် အလျား ၉၀ ပေ x အနံ ၇၀ ပေ၊ လေးထပ် သံကူကွန်ကရစ်အဆောက်အဦဖြစ်ကာ ခေတ်နှင့်လျော်ညီစွာ တည်ဆောက်ထားကြောင်း သိရသည်။

နေကိုထိုက်

---

# ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သော (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ (43rd ASEANAPOL Conference)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်




မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် (၄၃) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံ (43rd ASEANAPOL Conference) တက်ရောက်လာကြသူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ (43rd ASEANAPOL Conference) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ နံနက်ပိုင်းတွင်ပြုလုပ်ခဲ့သော ညီလာခံဖွင့်ပွဲအခမ်းအနား၌ ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့၊ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Kittharath Punpetch က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ညီလာခံသို့ အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက်များဖြစ်ကြသော ဩစတြေးလျနိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အမေရိကန်အမျိုးသားထောက်လှမ်းရေးဗျူရို (Federal Bureau of Investigation–FBI) နှင့် လေ့လာဖက်များဖြစ်ကြသော ကနေဒါနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာရဲချုပ်များအသင်း (International Association of Chiefs of Police–IACP)၊ ပြင်သစ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တီမောလက်စ်တီနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(International Committee of the Red Cross–ICRC)၊ အီတလီနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ပင်လယ်ကွေ့နိုင်ငံရဲတပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Coopera–tion Council Police–GCCPOL) တို့မှ ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ အကြီးတန်းရဲအရာရှိကြီးများနှင့်ကိုယ်စားလှယ်များ၊ စုစုပေါင်း ၂၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားပြီးနောက် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို သီးခြားစီ ကျင်းပပြုလုပ်ခဲ့ကြပြီး အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှသက်ဆိုင်ရာ အဆင့်မြင့်ရဲအရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးများ၌ မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာမှုခင်း စသည့်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံရဲအဖွဲ့ အီလက်ထရောနစ်သတင်းအချက်အလက်စနစ် (Electronic ASEANAPOL Database System–e–ADS) အသုံးပြုမှုမြှင့်တင်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်အကူအညီပေးရေး (Mutual Assistance in Criminal Matters)၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများအကြား သင်တန်းသားများအပြန်အလှန်စေလွှတ်ရေးနှင့် အာဆီယံရဲအဖွဲ့၏ မှုခင်းဆေးသိပ္ပံ ကွန်ရက် (ASEAN Police Forensic Science Network–APFSN) အသုံးပြုမှုမြှင့်တင်ရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ရသောပထမအကြိမ်စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေး၌ (၄၂) ကြိမ်မြောက်အာဆီယံရဲအဖွဲ့ညီလာခံဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က အဖွင့်အမှာစကားပြောကြားပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပူးတွဲကြေညာချက် (42nd Joint Communique–42nd JC) အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ အစီရင်ခံစာအကျဉ်းချုပ်ကို ဖတ်ကြားခဲ့သည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ညီလာခံဥက္ကဋ္ဌတာဝန်အား ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့၊ ရဲချုပ်ထံသို့ အစီရင်ခံစာအကျဉ်းချုပ်နှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အချက်များကို ထပ်မံဆွေးနွေးအတည်ပြုသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးမှုကို ကျင်းပပြုလုပ်ခဲ့သည်။ (၁၄)ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို နိုဝင်ဘာလ ၃ ရက်နေ့ ညနေပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/အဖွဲ့အစည်းများမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကော်မရှင် အေ၊ဘီ၊စီ အစည်းအဝေးများကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြပါသည်။ နေ့လယ်ပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့က ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်ထံ သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြသည်။

နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် ဒုတိယအကြိမ် စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများမှ ရလဒ်များနှင့် (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက်တွင် ထည့်သွင်းမည့်အချက်များကို သက်ဆိုင်ရာ အစည်းအဝေးသဘာပတိများက ရှင်းလင်းဖတ်ကြားတင်ပြခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ညီလာခံ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပူးတွဲကြေညာချက် (43rd Joint Commu–nique– 43rd JC) အား အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ 43rd JC ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြမည့် အွန်လိုင်းအသုံးပြုလိမ်လည်မှုကျူးလွန်နေသော အဖွဲ့အစည်းများအား နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာပူးတွဲကြေညာချက် (Bangkok Joint Declaration on eliminating scam centres linked to trafficking in persons for forced criminality) ကိုလည်း အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် နိုဝင်ဘာလ ၇ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ




**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိအဝေရာမီးပုံးပျံကွင်း၌ နိုဝင်ဘာလ ၈ ရက် ညနေ ၅ နာရီအချိန်တွင် ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရှမ်းအက၊ သိုင်းအက၊ တိုးနရားအက၊ ကိန္နရီ၊ ကိန္နရာ၊ ဇာမဏီအက၊ တိုင်းရင်းသားအကတို့ဖြင့် ကပြဖျော်ဖြေသည်။


ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က အကဲဖြတ်ဒိုင်အဖွဲ့များ၊ တန်ဆောင်တိုင်ပွဲတော် အဖွင့်သီချင်းသီဆိုဖျော်ဖြေပေးပါသော တေးသံရှင်များ၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့်ပတ်သက်၍ နေ့စဉ်တင်ဆက်ပေးသူ ဦးတင့်ဆွေ၊ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပေးပါသော ဦးကျော်ကျော်ဝင်း၊ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် နေ့စဉ် Live ထုတ်လွှင့်ပေးပါသော သတင်းမီဒီယာ ခုနစ်ခု၊ အကနည်းပြ ငါးဦး၊ တိုင်းရင်းသားအကအဖွဲ့ ကိုးဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အကအဖွဲ့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာကျောင်း ငါးကျောင်းနှင့် အခမ်းအနားမှူးခြောက်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး မီးပုံးပျံပြိုင်ပွဲများတွင် နေ့လွှတ်အရုပ်၊ စိန်နားပန် မီးပုံးပျံနှင့် ညမီးကြီးမီးပုံးပျံတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ နှစ်သိမ့်ဆုများရရှိသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများကို အသီးသီး ချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင်ပွဲတော်အား ပိတ်သိမ်းကြောင်းကြေညာရာ ပိတ်ပွဲအခမ်းအနားအထိမ်းအမှတ် မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူး/မီးပန်းများ ပစ်ဖောက်ပြီး တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား အဆိုတော် ဟိန်းကိုက "လှမ်းခဲ့ပါ ချယ်ရီမြေနှင့် မင်္ဂလာပါမိုင်ဆုန်ခ" သီချင်းတို့ဖြင့် ဖျော်ဖြေ၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့မှ တူညီအကဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(၄၀၅)






| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၁၂°C |
| လွိုင်လင် | ၁၃.၂°C |
| ဟုမ္မလင်း | ၁၄.၅°C |
| ပြင်ဦးလွင် | ၁၄.၉°C |
| တောင်ကြီး | ၁၅.၃°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၁၆°C |
| ဟဲဟိုး | ၁၆.၄°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ထားဝယ် | (၁.၇၃)လက်မ |
| သာယာဝတီ | (၀.၇၅)လက်မ |
| မြဝတီ | (၀.၇၅)လက်မ |
| ကျောင်းကုန်း | (၀.၅၅)လက်မ |
| ကော့ကရိတ် | (၀.၅၂)လက်မ |
| ကော့သောင်း | (၀.၄၃)လက်မ |
| မြိတ် | (၀.၃၉)လက်မ |
| ရေး | (၀.၃၂)လက်မ |
| အိမ်မဲ | (၀.၂၈)လက်မ |
| ဟင်္သာတ | (၀.၁၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၉ | ၃၁ |
| ရှမ်း(မြောက်) | ၁၈ | ၂၉ |
| ရှမ်း(အရှေ့) | ၁၇ | ၃၁ |
| ရှမ်း(တောင်) | ၁၇ | ၂၇ |
| ချင်း | ၁၆ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၀ | ၂၈ |
| စစ်ကိုင်း(အောက်) | ၂၃ | ၃၃ |
| နေပြည်တော် | ၂၃ | ၃၄ |
| မန္တလေး | ၂၄ | ၃၃ |
| မကွေး | ၂၃ | ၂၈ |
| ရခိုင် | ၂၀ | ၃၂ |
| ပဲခူး | ၂၂ | ၃၃ |
| ရန်ကုန် | ၂၂ | ၃၄ |
| ဧရာဝတီ | ၂၃ | ၃၄ |
| ကယား | ၁၈ | ၂၉ |
| ကရင် | ၂၂ | ၃၂ |
| မွန် | ၂၃ | ၃၁ |
| တနင်္သာရီ | ၂၂ | ၃၀ |

## ငဖဲမြို့နယ်၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်လှစ်

**ငဖဲ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမ၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နည်းပညာအထောက်အကူပြုသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက နည်းပညာအထောက်အကူပြုသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်သောင်းက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးသောအဖွဲ့အစည်းဖြစ်၍ စေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မဲပေးစက်ဆိုင်ရာ နည်းပညာလုပ်ငန်းများကို စိတ်ပါဝင်စားစွာ သင်ယူမှတ်သားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသီဟသန်းက မဲပေးစက်ကိုင်တွယ်ဆောင်ရွက်မည့် နည်းပညာအထောက်အကူပြုဝန်ထမ်းများအနေဖြင့် အလွန်အရေးကြီးသော၊ အရေးပါသောနေရာများတွင် ပါဝင်ဆောင်ရွက်ရသူများဖြစ်၍ သင်တန်းတွင် သင်ကြားပို့ချသည်များကို စနစ်တကျလေ့လာမှတ်သားရန်နှင့် မဲပေးစက်ဆိုင်ရာနည်းပညာအထောက်အကူပြုသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသီဟသန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်အိအိဇာတို့က မြန်မာ အီလက်ထရောနစ်မဲပေးစက် Installation ပြုလုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် အဖွဲ့ဖွဲ့စည်းခြင်း၊ Installation ပြုလုပ်ရန် အထောက်အကူပြုပစ္စည်းများထုတ်ယူခြင်း၊ Micro SD Card များထုတ်ယူခြင်း၊ ဆန္ဒပြုစက်တွင်ကပ်နှိပ်မည့်စာရွက်များထုတ်ယူခြင်း၊ စတေကာစာရွက်အပိုင်းများထုတ်ယူခြင်း စသည့် မဲပေးစက်ကိုင်တွယ်ထိန်းသိမ်းနည်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို သင်တန်းသား၊ သင်တန်းသူများအား စာတွေ့လက်တွေ့သင်ကြားပို့ချကြောင်း သိရသည်။

မယု(ငဖဲ)

**○ ကျောဖုံးမှအဆက်**

စိုက်ပျိုးခဲ့ရာ တချို့တစ်ဝက် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်စေရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် သွင်းအားစုများနှင့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မိုးနှမ်း ၃၁၆၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်၍ တစ်ဧကအထွက်နှုန်း ၁၇ ဒသမ ၃၆ တင်းနှုန်းဖြင့် ၅၄၉၂၀၈ တင်းထွက်ရှိရာ ယခင်နှစ်ကထက် အထွက်နှုန်းကောင်းမွန်သောကြောင့် ပန်းတိုင်အထွက်နှုန်းရရှိရန် စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## လေဖိအားနည်းဆဲလ် အားလျော့သွားခဲ့ပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ထိုင်းနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့ပြီးဖြစ်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်**
**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

**လေးစားရပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။**

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ (၆.၁၁.၂၀၁၂) ခုနှစ်မှာ တောင်သူလယ်သမားကြီး (၂၁)ဦးနဲ့ စတင်ထူထောင်လာခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဖွဲ့စည်းထူထောင်စဉ်က နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ပါတီတစ်ခုရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်လို့ ထူထောင်ခဲ့ခြင်းမဟုတ်ပါဘူး။ ရင်ထဲမှာ ဒို့တောင်သူလယ်သမားတွေရဲ့ ဘဝအမှန်ကို တိုင်းသိပြည်သိ ကမ္ဘာသိအောင် လွှတ်တော်ထဲအရောက်သွားပြီး တင်ပြနိုင်ဖို့နဲ့ ပြောပိုင်ခွင့်သာရှိတဲ့ တောင်သူလယ်သမားဘဝကနေ လုပ်ပိုင်ခွင့်ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ပါတီဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၈၆) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တောင်သူလယ်သမားစစ်စစ်ကြီးတွေဟာ စိတ်ဓာတ်ကသာပြင်းထန်ပြီး နိုင်ငံရေးဆိုတဲ့ အတွေ့အကြုံနည်းတော့ ပြေးကားပြေး၏ ပန်းတိုင်မရောက်ဖြစ်ကာ ရွေးကောက်ပွဲအောင်နိုင်ခြင်းမရှိဖြစ်ခဲ့ရပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ကျေးလက်နေပြည်သူဟာ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်းရှိပြီး အားလုံးဟာ စိုက်ပျိုး၊ မွေးမြူရေးကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေတောင်သူလယ်သမားများသာဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံသားအားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများသာဖြစ်ကြပါတယ်။

ကျွန်တော်တို့တောင်သူလယ်သမားများဟာ ဒီမိုကရေစီလည်း နားမလည်ဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ သူတို့ရဲ့ဘဝမှာ စားဝတ်နေရေးနဲ့ပဲ လုံးပန်းနေတော့ ဘာမှမလှေ့လာနိုင်ဘူးဖြစ်နေကြပါတယ်။ ဒါတွေကို ကူညီဖြေရှင်းဖို့ ဘဝတူတောင်သူလယ်သမားပါတီက ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားပါရစေခင်ဗျာ။

တိုင်းသူပြည်သားအားလုံးဟာ ခေတ်ကျပ်တဲ့ကာလအတွင်းမှာ စီးပွားရေးများ အဘက်ဘက်က မလုပ်နိုင်ကြတော့တဲ့အတွက် စားဝတ်နေရေးကျပ်တည်းကြတာ ဘယ်သူမှငြင်းလို့မရကြပါဘူး။ ယခုလာမယ့် ရွေးကောက်ပွဲအပြီးမှာ အစိုးရသစ်ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအပြောင်းအလဲတွေရှိလာတော့မှာဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းလဲလာရင် စီးပွားရေးလည်းကောင်းမွန်လာမယ်ဆိုတာ သေချာပေါက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။ တိုင်းသူပြည်သားအားလုံးဟာ တိုက်ပွဲတွေဖြစ်တာရော၊ နိုင်ငံရေးပဋိပက္ခတွေဖြစ်တာရော စိတ်မဝင်စားကြဘူး၊ သူတို့စိတ်ဝင်စားတာ စီးပွားရေးတစ်ခုပဲဆိုတာသိပါတယ်။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးကောင်းမွန်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးရင် အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာရင် တိုင်းပြည်တည်ငြိမ်သွားဖို့ သေချာသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုတစ်ဝန်းလုံးပြိုင်တဲ့ ပါတီကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်ရဲ့ကိုယ်စားလှယ်တော်များဟာလည်း လူငယ်လူရွယ်များနဲ့ တကယ့်မြေပြင်မှာ လက်တွေ့လုပ်ငန်းလုပ်ဆောင်တဲ့သူတွေများစွာပါဝင်ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဟိုးအရင်တုန်းကလိုမဟုတ်တော့ဘဲ FPTPစနစ်၊ PR စနစ်ရောနှောပြီး လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်ပါတီရဲ့ ကိုယ်စားလှယ်များဟာ လွှတ်တော်ထဲကို အထိုက်အလျောက်ရောက်ရှိကြမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေအပေါ်မှာ ကိုယ်ချင်းစာစိတ်ထားဖို့၊ ရိုင်းပင်းကူညီဖြေရှင်းဖို့၊ ပြည်သူတွေအပေါ်မှာ စိတ်ရင်းစေတနာကောင်းကောင်းထားပြီး သူတို့ရဲ့ဘဝအခက်အခဲတွေကို လိုက်ပါဆောင်ရွက်ဖို့ပဲ အထူးမှာကြားထားပါတယ်ခင်ဗျာ။

ကျွန်တော်တစ်ခုလောက် တိုင်းသူပြည်သားတွေကို တင်ပြလိုပါတယ်။ အဲဒီအချက်ကတော့ အရေးကြီးဆုံးဖြစ်တဲ့ ဆင်းရဲမွဲတေမှုဆိုတဲ့ တိုင်းပြည်ရဲ့ ဘုံရန်သူကို တိုက်ထုတ်ပစ်ရမှာဖြစ်တယ်။

လူဆင်းရဲရင် စိတ်ဆင်းရဲမယ်၊ စိတ်ဆင်းရဲရင် အမြင်မကြည်လင်တော့ဘူး၊ အမြင်မကြည်ရင် ရန်လိုလာတယ်၊ ရန်လိုလာရင် ငြိမ်းချမ်းမှုဟာ ပျောက်ကွယ်သွားကြပါတယ်။

ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်ပစ်ရမှာလည်းလို့ဆိုရင် ကျွမ်းကျင်သူတွေနဲ့ပေါင်းစည်းပြီး တိုက်ဖို့လိုပါတယ်။ ကျွမ်းကျင်သူဆိုတာ သူ့နေရာ၊ သူ့ဌာနကို ကျွမ်းကျင်တတ်မြောက်ထားတဲ့သူတွေကို ခေါ်ပါတယ်။

လယ်သမားက လယ်စိုက်တာကို ကျွမ်းကျင်တယ်
စစ်သားက စစ်တိုက်တာကို ကျွမ်းကျင်တယ်
အလုပ်သမားက စက်ရုံ၊ အလုပ်ရုံကိစ္စတွေကို ကျွမ်းကျင်တယ်
ကုန်သည်က အရောင်းအဝယ်ကို ကျွမ်းကျင်တယ်

ဘယ်လုပ်ငန်းမဆို ကျွမ်းကျင်မှ အကျိုးပေးတာဖြစ်ပါတယ်။ ဒါတွေကို လူမှန်နေရာမှန်ပြန်ဖြစ်အောင် နေရာချနိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ချမ်းသာသွားမယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။

နိုင်ငံရေးဆိုတာ အထွေအထူးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလည်းပြောသွားဖူးပါတယ်။ နိုင်ငံရေးဆိုတာ ပြည်သူလူထု နိစ္စဓူဝဖြစ်တဲ့ စား၊ ဝတ်၊ နေရေးကို အကျိုးရှိအောင်ဆောင်ရွက်ပေးရတဲ့ အလုပ်ဖြစ်ပါတယ်လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ နားလည်သင်ကြားခဲ့ရတာလည်း နိုင်ငံရေးဆိုတာ လူမှုရေး + စီးပွားရေး = နိုင်ငံရေးလို့ သင်ယူခဲ့ရတာပါ။

လူမှုရေးဆိုတာ အများပြည်သူတို့ရဲ့ဘဝကို ကူညီဆောင်ရွက်ရမယ်၊ ကယ်ဆယ်ရမယ်၊ ရိုင်းပင်းရမယ်၊ မျှတရမယ်ဆိုတဲ့ ကိုယ်ချင်းစာစိတ်မွေးပြီး လုပ်ရတဲ့အလုပ်ဖြစ်ပါတယ်။

စီးပွားရေးဆိုတာကလည်း မိမိဘဝမြင့်မားတိုးတက်အောင်၊ မိမိပတ်ဝန်းကျင် မြင့်မားတိုးတက်အောင်၊ မိမိတိုင်းပြည်မြင့်မားတိုးတက်အောင်၊ စားဝတ်နေရေး အဘက်ဘက်က မြင့်မားတိုးတက်ပြေလည်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီနှစ်ခုပေါင်းမှ လူမှုရေး + စီးပွားရေး = နိုင်ငံရေးဆိုတာဖြစ်ပေါ်လာတာပါ။

ဒါကြောင့် နိုင်ငံရေးဆိုတာ ပြည်သူကြားကပေါက်ဖွားလာတဲ့ ပြည်သူတွေဦးဆောင်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ပြောထားပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူကြားကပေါက်ဖွားလာတဲ့ တိုင်းပြည်တာဝန်ထမ်းကြတဲ့ ပြည်သူတွေဖြစ်လို့ သူတို့ရဲ့ဘဝပြည့်စုံဖူလုံဖို့ကလည်း အရေးကြီးလှပါတယ်။ ကုန်ဈေးနှုန်းတွေ




တက်လာရင် အရပ်သားပြည်သူတွေအတွက်သာ ဈေးတက်တာမဟုတ်ပါဘူး၊ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေလည်း အတူတူခံကြရတာဖြစ်ပါတယ်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတံဆိပ်ဟာ နဂါးနီ (၂)ကောင်အပေါ်မှာ လယ်သမားကြီးက မားမားမတ်မတ် ရင်ကော့ပြီးရပ်နေတဲ့ပုံစံဖြစ်ပါတယ်။ နဂါးနီရဲ့ အဓိပ္ပာယ်ဟာ ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဆင်းရဲသားများရဲ့ဘဝ၊ လယ်သမားများရဲ့ဘဝကို လမ်းပြဦးဆောင်ပေးသွားမယ်လို့ အဓိပ္ပာယ်ကောက်ယူလို့ရပါတယ်ခင်ဗျာ။

ဒါကြောင့် အခုလာမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ လယ်သမားပါတီ နဂါးနီကို အားပေးကြပါလို့ ပြည်သူလူထုတစ်ရပ်လုံးကို တောင်းဆိုလိုက်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ရွေးကောက်ပွဲအပြီးမှာ ငြိမ်းချမ်းရေးနဲ့စီးပွားရေး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမယ်လို့လည်း ခန့်မှန်းသိရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး (BRI) One Belt One Road စီမံကိန်းကြီးလည်း အကောင်အထည်ဖော် ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းပြီး ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရဲ့ အသီးအပွင့်များကိုလည်း ခံစားရတော့မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ပြည်သူတွေကို ကတိပေးနိုင်တာကတော့ တခြားကိစ္စအရေးများထက် တိုင်းသူပြည်သားရဲ့ မီးဖိုချောင်ကို သေသေချာချာကာကွယ်စောင့်ရှောက်ပြီး မိသားစုအားလုံး စားဝတ်နေရေးပြေလည်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**နဂါးပါတီသီချင်းစာသား**

**နဂါးပါတီ**

**တေးရေး - ရွှေငြိမ်းမင်း**
**တေးဆို - ရွှေမန်းခေတ်**

(မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုခဲ့သည် ....
အများတကာညီ တရားမကွာပြီ နဂါးပါတီ အားသာသည်
ညီညီညာညာ စည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကိုထမ်းဆောင်လာကြသည် ......
စိတ်ထားတူညီမဲပေးကြမည် ....... ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ...)၂
(မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြကြိုဆိုနေပြီ…
နဂါးပါတီ မေတ္တာတရားနဲ့ တိကျပြတ်သားစိတ်ထားခိုင်မာသည် ....
မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြကြိုဆိုနေပြီ)....
ဒို့တောင်သူလယ်သမားတွေ တိုးတက်မှုအားခံ့ညားထည်ဝါသည်
တိုင်းပြည်လူမျိုးဆတက်ထမ်းပိုးကောင်းစားဖို့ အချိန်ခါရောက်လာပြီ
ဘာသာရောင် သာသနာရောင်တွေ ဝင်းပထိန်ချီ အများတကာညီ တရားမကွာပြီ နဂါးပါတီ အားသာသည် ... ညီညီညာညာစည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည်
စိတ်ထားတူညီမဲပေးကြမည် ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ........၂

# ပြည်သူ့အလုပ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်    နိုဝင်ဘာ    ၈

**ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌ ဦးကျော်ဇင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်ပါအတိုင်းတင်ပြပါသည် –**

**မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။**

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီကိုယ်စား ဟောပြောမယ့် ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌတာဝန်ကိုယူထားတဲ့ ဦးကျော်ဇင်ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာဆိုရင် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုဆိုရင် သက်တမ်းအားဖြင့်(၈)နှစ်ကျော်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီ (၈)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူအပေါင်းတို့ကို ကျွန်ုပ်တို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှနေပြီး ကူညီဆောင်ရွက်ပေးခဲ့မှုများကို ပါတီနှင့်နီးစပ်သူများနဲ့ လာရောက်အကူအညီတောင်းခံခဲ့ကြတဲ့ ကာယကံရှင်လုပ်သားပြည်သူများ အသိပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင်ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအသစ်နဲ့ ပြန်လည်မှတ်ပုံတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းရုံးမည့်ပါတီအနေဖြင့် ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၌ ကျွန်တော် ဦးကျော်ဇင်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်တွင် ဦးရန်နောင်စိုးမြင့်၊ ရွှေပြည်သာမြို့နယ်တွင် ဦးညွန့်ဝင်းတို့က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား – ကျွန်တော်တို့ပါတီရဲ့ အခြေခံမူဝါဒနှင့်လမ်းစဉ်ကို ဦးစွာတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီတည်ထောင်စဉ်ကတည်းက ချမှတ်ထားတဲ့ အဓိကမူဝါဒကတော့ လူလူချင်းခွဲခြားဆက်ဆံမှုကင်းဝေးပြီး နိုင်ငံသားလုပ်သားပြည်သူတိုင်း ဥပဒေရဲ့အောက်တွင် တန်းတူညီမျှအခွင့်အရေးရရှိဖို့အရေးပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲလမ်းစဉ်ဖြင့်သာ ပြည်သူအပေါင်းလိုလားသော ကိုယ်စားလှယ်ကို ရွေးချယ်နိုင်မှာဖြစ်သလို ရွေးကောက်ပွဲနည်းလမ်းတစ်ခုတည်းနှင့်သာ ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအားလုံး ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ရေးအပြင် မဲဆန္ဒရှင်များ မှန်ကန်တိကျစေရေးနဲ့ မဲပေးနိုင်မယ့်လူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးတို့အတွက် ဥပဒေနှင့်အညီ မဲစာရင်းများ မှန်ကန်စွာဆောင်ရွက်နိုင်မှသာလျှင် စစ်မှန်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီးကာလတို့တွင် ကျွန်တော်တို့ တစ်ပါတီချင်းသော်လည်းကောင်း၊ ပါတီများစုပေါင်း၍သော်လည်းကောင်း ထိုအချိန်က တာဝန်ယူခဲ့သော ရွေးကောက်ပွဲကော်မရှင်သို့ မဲဆွယ်စည်းရုံးမှုများတွင် တရားမျှတမှုမရှိခြင်း၊ မဲစာရင်းများမှားယွင်းနေခြင်းတို့ကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အဲဒါရဲ့ အကျိုးဆက်အနေနဲ့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရဲ့ မဲစာရင်းမှားယွင်းမှု၊ မဲမသမာပြုမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းအပေါ် ကျွန်တော်တို့နိုင်ငံရေးပါတီများသာမက လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ရဲ့အခွင့်အရေးကို မိမိတို့လက်နဲ့ ပြန်လည်ရယူပြီး ပါတီစုံဒီမိုကရေစီလမ်းပေါ် ပြန်လည်လျှောက်လှမ်းရမည်ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ကြီးပေါ်ပေါက်လာတဲ့အခါ အဓိကထားဆွေးနွေးလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍပဲဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင်ဖြင့် မည်သည့်အစိုးရအုပ်ချုပ် တိုင်းပြည်တိုးတက်ဖို့ရာ ဝေးနေဦးမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့တိုင်းပြည်ဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်ဆိုတာ **ပြည်တွင်းပဋိပက္ခတွေရဲ့** ဒုက္ခပေးမှုလို့ပဲ တင်ပြချင်ပါတယ်။ **ပြည်တွင်းပဋိပက္ခဖြစ်နေတဲ့** ဒေသတွေမှာဆိုရင်ဖြင့် ပညာရေး၊ ကျန်းမာရေးကအစ နောင့်နှေးကြန့်ကြာနေမှာဖြစ်သလို ကျန်ဒေသတွေမှာဆိုရင်ဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူမှုအဆင့်အတန်းနိမ့်ကျနေတယ်ဆိုတာကို လုပ်သားပြည်သူတို့ မျက်မြင်ပဲဖြစ်ပါတယ်။ အဲ့ဒီလို လူမှုဘဝမစည်ပင်တာကြောင့် ကျွန်တော်တို့နိုင်ငံသား အလုပ်လုပ်နိုင်တဲ့ အရွယ်တွေဟာဆိုရင်ဖြင့် နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သက်ဆိုင်ရာ နိုင်ငံကသူတွေ မလုပ်ချင်တဲ့အလုပ်၊ မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်ကိုင်နေရတာဆိုရင်ဖြင့် စစ်တမ်းများအရ တစ်နှစ်ထက်တစ်နှစ်တိုးလာတာကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ အဲ့ဒီလိုဖြစ်ရတာဟာ နိုင်ငံသားတွေမှာသာ ထိခိုက်ရုံသာမက နိုင်ငံတော်အတွက်လည်း လုပ်အားဆုံးရှုံးနစ်နာမှုဖြစ်ပေါ်စေတဲ့အတွက် ကုန်ထုတ်စွမ်းအားကျဆင်းပြီး နိုင်ငံဖွံ့ဖြိုးမှုနောက်ကျစေတယ်လို့ ကျွန်တော်မြင်မိပါတယ်။ ဒါ့အပြင် ထာဝရငြိမ်းချမ်းရေးနဲ့ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ** ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားအချင်းချင်းအပြန်အလှန်တာဝန်ယူမှု၊ တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန်ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းနေမှသာ ကျွန်ုပ်တို့ပြည်ထောင်စုကြီး ထာဝရမပြိုကွဲဘဲ အစဉ်ထာဝရ ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို အစဉ်အလေးထား ထောက်ခံသွားမည်ဖြစ်သည့်အပြင် ပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

လုပ်သားပြည်သူများခင်ဗျား – လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံ၊ ဆင်းရဲတဲ့နိုင်ငံတွေမှာဆိုရင်ဖြင့် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့်လုပ်သားပြည်သူတွေဟာဆိုရင်ရတဲ့လုပ်ခလစာနဲ့ စားဝတ်နေမှုကိုဖြေရှင်းဖို့ ခက်ခဲတယ်ဆိုတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းဖို့ဆိုရာတွင် ကျွန်တော်တို့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်ပကနေ တင်သွင်းမှုနည်းအောင် ပြည်တွင်းမှာ ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ဖို့ အဓိကလိုအပ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်ကလည်း အခြေခံအဆောက်အဦတွေဖြစ်တဲ့ နေရာနဲ့ကုန်ကြမ်း ကျွန်တော်တို့တိုင်းပြည်မှာရှိပါသော်လည်း နည်းပညာနဲ့ လျှပ်စစ်ကဏ္ဍတွင် အားနည်းတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။ ကြားသိရတဲ့ သတင်းများအရ နိုင်ငံတော်တွင် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဏုမြူစွမ်းအင်အသုံးပြုပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်အောင် ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲ ရုရှားနိုင်ငံသို့ သွားရောက်တဲ့ခရီးစဉ်မှာ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အနာဂတ် ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တော့မှာဖြစ်ပါတယ်။ အဓိကလိုအပ်တဲ့ နည်းပညာအတွက်ဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံသားတွေ ပညာတတ်ဖို့လိုအပ်ပါတယ်။ အမျိုးသားပညာရေးအခန်းကဏ္ဍကို ပြောကြားရလျှင် ၎င်းနဲ့ဆက်စပ်နေတဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကိုပါ ထည့်သွင်းပြောကြားရမှာဖြစ်ပါတယ်။ ကျန်းမာရေးမပြည့်စုံရင်ဖြင့် ပညာရေးလည်းမလုပ်နိုင်သလို အခြားအခြားသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ရာမှာလည်း ယနေ့လူငယ်တွေရဲ့ ကျန်းမာရေးဟာ လွန်စွာမှအရေးကြီးလှပါတယ်။ ယနေ့လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင်ဖြင့် ကျွန်တော်တို့အနေနဲ့ လွန်စွာမှအားမရပါဘူး။ အဓိကအားဖြင့် လူငယ်များကျန်းမာကြံ့ခိုင်ဖို့ဆိုတာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့နဲ့ သင့်တင့်သော ကျန်းမာရေး လိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးထားဆောင်ရွက်မှာဖြစ်ပါတယ်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ တတ်စွမ်းသမျှပြည်သူတွေရဲ့ လူမှုဘဝကိုကာကွယ်ဖို့ လူငယ်တွေဘဝကို ကာကွယ်ဖို့ မူးယစ်ဆေးတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပညာရေးမှာ ကြည့်ပြန်တော့လည်း စီးပွားရေးက အဆင်မပြေလို့ ပညာရေးတစ်ပိုင်းတစ်စနဲ့တင် အဆုံးသတ်လိုက်တာက များလာတာကို တွေ့ရတဲ့အတွက်လည်း ပညာတတ်ရှားပါးမှုကို ရင်ဆိုင်လာရပါတယ်။ ဒီလိုသာ တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ အားနည်းလာရင် ကျွန်တော်တို့တိုင်းပြည်ဟာ အနာဂတ်မှာ ဒုက္ခဖြစ်ဖို့သာရှိပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့်လည်း အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကို အမျိုးသားရေးအမြင်နဲ့ ဦးစားပေးဆောင်ရွက်ရန် အစဉ်အလေးထားတိုက်တွန်းသွားမှာဖြစ်သည့်အပြင် ပါတီအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လုပ်သားပြည်သူများခင်ဗျား – ဆက်လက်၍ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ နိုင်ငံရေးမူဝါဒကိုတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေဖြင့် အမျိုးသားရေးကို ဘယ်သောအခါမျှ သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံပါတယ်။ အမျိုးဘာသာ၊ သာသနာကို ဘယ်တော့မှ ကိုယ်တိုင်လည်း မစော်ကားသလို တစ်ပါးသူထိပါးစော်ကားလာရင်လည်း လုံးဝလက်ခံမှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုကြီးအကျိုးကို နိုင်ငံရေးနဲ့ အစဉ်တည်တံ့စေရန်ဆောင်ရွက်တဲ့အခါမှာ အမျိုးသားရေးကို သစ္စာမဖောက်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်နိုင်တယ်ဆိုတာလည်းပြောကြားလိုပါတယ်။ အဓိကအနေနဲ့ **ဒို့တာဝန်**အရေး(၃)ပါးကို ကာကွယ်သောမြန်မာ့တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်သောအဖွဲ့အစည်းအမြင်နဲ့ အစဉ်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင် ၎င်းတို့ရဲ့အမျိုးသားအကျိုးစီးပွားကို အဓိကထားတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့တိုင်းရင်းသားများလောက် ဘယ်ပြည်ပနိုင်ငံသားကမှ ပိုအလေးထား၊ ပိုချစ်တယ်ဆိုတာ ယုံနိုင်စရာမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်သားပြည်သူတို့ရဲ့ စည်းရုံးစုပေါင်းမှုနှင့် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့သတင်းတွေကိုကြည့်ရုံဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အားနည်းတဲ့ နိုင်ငံတွေဟာဆိုရင်ဖြင့် တိုင်းတစ်ပါးသြဇာခံဖြစ်သွားကြတာကို ကျွန်တော်တို့တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲ့ဒီဥပမာတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့တိုင်းပြည်အနေဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။

ဆက်လက်၍ အထွေထွေကဏ္ဍကို ဆွေးနွေးပြောကြားရလျှင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့သမိုင်းကို ပြန်ကြည့်ရင်ဖြင့် အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသားလူငယ်များဟာဆိုရင်ဖြင့် မိမိပစ္စုပ္ပန်မှာ လုပ်ဆောင်နေတဲ့ကိစ္စတွေကို တာဝန်တစ်ရပ်လို တာဝန်ကျေပွန်စွာလုပ်ဆောင်နိုင်ပါမှ နိုင်ငံတော်ကြီးဟန်ချက်ညီညီ တိုးတက်မည်ကိုလည်း သတိချပ်စေချင်ပါတယ်။ အိမ်ရှင်မတစ်ဦးအနေဖြင့် ထမင်းချက်နေသည်ပင်လျှင် နိုင်ငံရေးနဲ့ပတ်သက်နေတယ်လို့ဆိုချင်ပါတယ်။ ထိုနည်းတူစွာပဲ ပညာကိုကောင်းမွန်စွာသင်ကြားခြင်းဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေခြင်းဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာဆိုရင် ပညာသင်ကြားရမယ့် ကလေးသူငယ်တို့ကိုလည်း အနှောင့်အယှက်ဖြစ်စေဖို့ လုပ်ဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၎င်းတို့တာဝန်ဝတ္တရားများ ကောင်းမွန်စွာ မထမ်းဆောင်နိုင်စေရန် အမျိုးမျိုးနှောင့်ယှက်ခဲ့ကြတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီလိုလုပ်ခဲ့တဲ့ ရလဒ်နဲ့အကျိုးဆက်အနေဖြင့် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို လုပ်သားပြည်သူတို့အသိပင်ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ သို့ ➤

➤ စာမျက်နှာ ၁၃ မှအဆက်

အဲ့ဒီလိုပြုမူခဲ့ကြခြင်းရဲ့ ရလဒ်အနေနဲ့ ထိခိုက်နစ်နာမှုကိုခံစားရသည်မှာ ကျွန်တော်တို့ လုပ်သားပြည်သူများနဲ့ ကျွန်တော်တို့ နိုင်ငံတော်ပင်ဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့အတိတ်ဖြစ်စဉ်တွေကို ကျွန်တော်တို့ သင်ခန်းစာယူပြီး နောက်နောင်အလားတူဖြစ်ရပ်မျိုး ထပ်မဖြစ်အောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လူငယ်တို့ရဲ့အနာဂတ် ပြည်ထောင်စုကြီးရဲ့အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုရာတွင် အဂတိတရားကင်းရှင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ အဂတိတရားကင်းရှင်းဖို့ဆိုရာဝယ် ၎င်းတို့မိသားစုစားဝတ်နေမှု ဖူလုံလုံလောက်ဖို့ အရေးကြီးတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ အဲဒီတော့ ခေတ်မီတိုးတက်မှုနဲ့အတူ မြင့်တက်လာတဲ့ကုန်ဈေးနှုန်းကို ကာမိနိုင်အောင် လစာရရှိပါမှ နိုင်ငံ့ဝန်ထမ်းများဘဝ လူတန်းစေ့နေနိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တွေ့ရှိနေရတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ဘဝကို ဥပမာအနေနဲ့တင်ပြလိုပါတယ်။ တစ်သက်လုံးနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်လို့ပင်စင်ယူတဲ့အခါ နေစရာကမရှိ၊ ကြီးမြင့်လှတဲ့ အိမ်ငှားခတို့ရဲ့နှိပ်စက်မှု၊ ကုန်ဈေးနှုန်းကိုလိုက်မမီတဲ့ ပင်စင်လစာတို့ကြောင့် အသက်အရွယ်အိုမင်းမစွမ်းကာမှ အတိဒုက္ခရောက်နေရတာကို စိတ်မကောင်းစွာ တွေ့မြင်နေရပါတယ်။ ယခုသတင်းများအရ စစ်မှုထမ်းအိမ်ရာဖော်ဆောင်နေမှုကို နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးနေတာတွေ့ရလို့ တပ်မတော်သားဟောင်းကြီးများအတွက် ကျွန်တော်တို့လွန်စွာဝမ်းမြောက်မိပါတယ်။ အဲ့ဒီလိုပဲ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အပါအဝင် အခြားအခြားသော နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသော ဝန်ထမ်းကောင်းဖြစ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးများအတွက်လည်း စိတ်အေးသက်သာစွာ နေထိုင်နိုင်ရန်အတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် အစဉ်တိုက်တွန်းဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူများကို ဘာတွေလုပ်ပေးမယ်ဆိုပြီး ကျွန်တော်တို့ဘယ်သောအခါမှ လိမ်လည်ကတိပေးနေမှာ မဟုတ်ပါဘူး။ ပြည်သူလိုအပ်တာကို လုပ်ပေးမယ်ဆိုပြီးတော့လည်း အိပ်မက်တွေပေးနေမှာမဟုတ်ပါဘူး။ အိပ်မက်ဆိုတာ အိပ်ရာကနိုးရင် အားလုံးပျောက်ကွယ်သွားမယ့် အရာတွေပါ။ ကျွန်တော်တို့အနေနဲ့ စွမ်းအားရှိသလောက် လုပ်သားပြည်သူတို့နဲ့အတူ မတရားမှုတို့ကို ဥပဒေနဲ့အညီ တိုက်ပွဲဝင်ပေးမယ်ဆိုတဲ့ ကတိကို ကျွန်တော်တို့ပြည်သူ့အလုပ်သမားပါတီအနေနဲ့သေချာပေးနိုင်ပါတယ်။ ဒါ့အပြင် လုပ်သားပြည်သူတို့ဘက်ကလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတိုင်းပြည်ကြီး ပေါ်ထွန်းလာအောင် မဲရုံသို့သွားရောက်ပြီး မပျက်မကွက် နိုင်ငံသားတာဝန်ကျေပွန်အောင် မဲပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**တေးရေး- ကိုလဝန်းအောင်**
**တေးဆို-ဖူးပွင့်ရွှေရည်လှိုင်**

– အပြာရောင်အောက်ခံတည်ကြည်ခြင်း အဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင် ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထား ကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ် အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွား ပြည်နယ်နဲ့တိုင်းကိုယ်စား

– အပြာရောင်အောက်ခံတည်ကြည်ခြင်း အဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင် ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထား ကြီးကျယ် မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ် အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွား ပြည်နယ်နဲ့တိုင်းကိုယ်စား

– ပေါင်းစည်းတဲ့ ဒီအင်အား ရှေ့ဆက်ဖို့ မေတ္တာထား အမြဲတမ်းပဲ လက်ကိုင်ထား ရှေ့ဆက်ဖို့ ကရုဏာတရား ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီ ငါတို့အတွက် အားဖြစ်စေမည် ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီ တရားမျှတမှုရှိစေမည်။

– အပြာရောင်အောက်ခံတည်ကြည်ခြင်း အဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင် ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထား ကြီးကျယ် မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ်အဖြူရောင်လည်းပါတယ်၊ မီးခိုးရောင်စက်သွား ပြည်နယ်နဲ့တိုင်းကိုယ်စား

– အပြာရောင်အောက်ခံတည်ကြည်ခြင်း အဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင် ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထား ကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ်အဖြူရောင်လည်းပါတယ်၊ မီးခိုးရောင်စက်သွား ပြည်နယ်နဲ့တိုင်းကိုယ်စား

– ပေါင်းစည်းတဲ့ ဒီအင်အား ရှေ့ဆက်ဖို့ မေတ္တာထား အမြဲတမ်းပဲ လက်ကိုင်ထား ရှေ့ဆက်ဖို့ ကရုဏာတရား၊ ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီ . ငါတို့အတွက်အားဖြစ်စေမည် ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီတရားမျှတမှုရှိစေမည်။

– အပြာရောင်အောက်ခံတည်ကြည်ခြင်း အဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင် ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထား ကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ်အဖြူရောင်လည်းပါတယ်၊ မီးခိုးရောင်စက်သွား ပြည်နယ်နဲ့တိုင်းကိုယ်စား

## မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

# မေတ္တာပန်းလေး ပေးလိုက်ချင်

❖ သစ်တစ်ပင်၏
ချစ်ခင်နှစ်ခြိုက်၊ အေးရိပ်၌လျှင်
မှေးငိုက် ချမ်းမြ၊ အားသစ်ရအောင်
ခိုရခဲ့ဖူး၊ သူ့ကျေးဇူးကို
အထူးမမေ့၊ တစ်နေ့နေ့တွင်
ပြန်၍ဆပ်ချင်ပါသေးသည်။

❖ စမ်းတစ်ကွေ့၏
ချမ်းမြေ့စိမ်းလျှောက်၊ ရေတစ်ပေါက်ကို
သုံးသောက်ချိုမြက်၊ ခရီးဆက်သော်
အားတက်ခဲ့ဖူး၊ သူ့ကျေးဇူးကို
အထူးမမေ့၊ တစ်နေ့နေ့တွင်
ပြန်၍ဆပ်ချင်ပါသေးသည်။

❖ လှေတစ်စင်း၏
ဝမ်းတွင်းခိုကပ်၊ မြစ်ကိုဖြတ်စဉ်
ပတ်ဝိုင်းစိုးကြောက်၊ လှိုင်းလေအောက်မှ
လွတ်မြောက်ခဲ့ဖူး၊ သူ့ကျေးဇူးကို
အထူးမမေ့၊ တစ်နေ့နေ့တွင်
ပြန်၍ဆပ်ချင်ပါသေးသည်။

❖ ဩော်...လူ့ဘုံလောက၊ တစ်ခဏအား
ရသည့်ခိုက်တွင်၊ မေတ္တာယှဉ်၍
ငါလျှင်ပြုဖူး၊ ငါ့ကျေးဇူးကို
ဖော်ကျူးဂုဏ်တင်၊ မဆိုချင်လည်း
ငါ့တွင်တင်ထား၊ သူတစ်ပါး၏
များလှထူးထူး၊ ဂုဏ်ကျေးဇူးကို
အထူးမမေ့၊ တစ်နေ့နေ့၌
ပြန်၍ဆပ်ချင်အမှန်ပင်။
ဆပ်ခွင့်မကြုံနိုင်သေးခင်။
မေတ္တာပန်းလေး ပေးလိုက်ချင်။
ကြိုတင်ကျေးဇူး ဆပ်သည်ပင်။ ။

**မြင်းမူမောင်နိုင်မိုး**

# (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ (၃၇)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာစံရပ်ကွက် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူက (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အငြိမ်းစားဝန်ထမ်းများအား ပံ့ပိုးငွေတို့ကို ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက စွမ်းဆောင်ရည်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။ (၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်


၉-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

## MWD Education, Knowledge & Sports Channel

၉-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ – ၉:၂၀ | Grade – 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ – ၁၄:၁၀ | Grade – 11 | ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ – ၁၈:၃၀ | Grade – 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၃၀ – ၂၀:၀၀ | Grade – 11 | သမိုင်း၊ ဘောဂဗေဒ |



ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။

◆ **ရှေ့ဖုံးမှအဆက်**

ဌာနဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားများကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့နယ်ရှိ နမ့်စောင်းငေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက် ည ၆ နာရီတွင်လက်ခံရရှိခဲ့ပြီး အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ၁၁/၀.၄ ကေဗွီ ၄၀၀ ကေဗွီအေ ရဲစခန်းထရန်စဖော်မာ၊ ၁၁/၀.၄ကေဗွီ ၃၁၅ကေဗွီအေကမ္ဘောဇထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ လျှပ်စစ်ရုံးယာယီထရန်စဖော်မာနှင့် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေ ဆေးရုံယာယီထရန်စဖော်မာတို့အား ဓာတ်အားများ ပို့လွှတ်ပေးနိုင်ခဲ့သည်။

အဆိုပါထရန်စဖော်မာများသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မှုကြောင့် ဌာနဆိုင်ရာများ ယာယီရုံး(ကမ္ဘောဇရှမ်းကျောင်းကြီး)၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်စီမံကိန်းရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ မြို့မရဲစခန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ ပြည်သူ့ဆေးရုံနှင့် ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်မဲမြို့ကျက်သရေဆောင်ခန်းမတို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ကျန်ရှိသည့်နေရာများအား တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လျှပ်စစ်မီးများအမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)






ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့မရဲစခန်း လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲခရိုင်မီးသတ်ဌာန လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုကို တွေ့ရစဉ်။

# ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးဒုတိယနေ့သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

ဘရာဇီးနိုင်ငံ သမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး (Belem Climate Summit) ဒုတိယနေ့စုံညီအစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

စုံညီအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှနိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများက နိုင်ငံကိုယ်စားပြု အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကျော်ကို သစ်တောများဖုံးလွှမ်းထားပြီး ဂေဟစနစ်မျိုးစုံနှင့်ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း၊ ရှည်လျားသော ကမ်းရိုးတန်းနှင့်ဒီရေတောများပိုင်ဆိုင်ကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDC)" ပါ ရည်မှန်းချက်များနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးကို




ဗဟိုပြုသည့် မဟာဗျူဟာများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုဆိုင်ရာရန်ပုံငွေတိုးမြှင့်ရရှိရေး၊ နည်းပညာများလွှဲပြောင်းရယူနိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် အထူးအရေးကြီးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး ကြေညာချက်ကို ထောက်ခံကြောင်း၊ အပူပိုင်းသစ်တောများထာဝရရန်ပုံငွေ(Tropical Forests Forever Facility– TFFF) တည်ထောင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူဗဟိုပြုရာသီဥတုဆိုင်ရာလှုပ်ရှားမှုများနှင့် ဘက်စုံတောမီးစီမံအုပ်ချုပ်မှုဆိုင်ရာလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်မည်ကို အတည်ပြုအကြောင်းကြားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "ရာသီဥတုနှင့်သဘာဝ၊ သစ်တောများနှင့်သမုဒ္ဒရာများ" ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ရာသီဥတုထိပ်သီးအစည်းအဝေးသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသောနည်းလမ်းများကို အဓိကထားသည့် ဦးဆောင်ဖိုရမ်တစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း(UNFCCC) အဖွဲ့ဝင်နိုင်ငံများ ညီလာခံနှင့်အတူကျင်းပသော အရေးကြီးသည့်ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ပါရီရာသီဥတုဆိုင်ရာသဘောတူညီချက် ရည်မှန်းချက်များအောင်မြင်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စီးပွားရေးသို့ကူးပြောင်းရာတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ




နေပြည်တော် နိုဝင်ဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ပို့ကုန်သွင်းကုန်များ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ဈေးကွက်တွင် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကထွက်ကုန်များဖြစ်သော ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ကုန်များ၏ ဈေးကွက်ဝင်မှုနှင့် နိုင်ငံတော်၏ ဝင်ငွေကိုရရှိအောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ကမ္ဘာ့ဈေးကွက်တွင် ပို့ကုန်များ၏ ဈေးနှုန်းပြောင်းလဲလာခြင်းကြောင့် ဈေးကွက်ဝင်ပို့ကုန်များဖြစ်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ်များနှင့်ကြိတ်ခွဲစက်များ ကောင်းမွန်စေရေးအတွက် နိုင်ငံတော်မှသွင်းအားစုများနှင့် စက်အရန်ပစ္စည်းများ ပြည်ပမှတင်သွင်းပေးမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးသည် စပါး/ဆန်အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် စပါးကျီဖြစ်သည်နှင့်အညီ မိုး၊ နွေစပါး၊ ဆီထွက်သီးနှံများနှင့် ပဲပုပ်စိုက်ပျိုးခြင်းကိုလည်း လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ပေါ်ဆန်းနှင့်ပတ်သက်၍ Brand ထုတ်ကုန်ဖြစ်အောင် အထူးကြိုးစားဆောင်ရွက်နေကြောင်း၊ Export Zone ထူထောင်ခြင်း၊ Contract Farming ဆောင်ရွက်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပီလောပီနံသီးနှံကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ယခင်နှစ်ထက် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ARCCI) ဥက္ကဋ္ဌ၊ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဆန်နှင့်ဆန်ထွက်ပစ္စည်း ပြည်ပသို့ တိုက်ရိုက်တင်ပို့သည့် ကုမ္ပဏီမှတာဝန်ရှိသူများက ဒေသထွက်ကုန်သီးနှံများ ပြည်ပသို့ တင်ပို့နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

မြဝတီ

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ




ဘားအံ နိုဝင်ဘာ ၈

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး နိုးကြားတက်ကြွစွာ ပြည်နယ်အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်သွားကြရန်၊ ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် ထူးချွန်ဆုရရှိကြသူများအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထူးချွန်သူများကို အားကျအတုယူပြီး ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ်များ ဆက်လက်ပေါ်ပေါက်လာစေကြောင်း ဆန္ဒပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ကောင်းသော ကျောင်းနှင့်မြို့နယ်၊ အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ သက်ဆိုင်ရာသင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေးတောင်သူထူးချွန်ဆု၊ မွေးမြူရေးတောင်သူထူးချွန်ဆု၊ အားကစားထူးချွန်ဆုနှင့် ကြက်ခြေနီထူးချွန်ဆုရရှိကြသူများ၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ၊ ပြည်နယ်နေ့အထိမ်းအမှတ်ဌာနဆိုင်ရာ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုပြခန်းများနှင့် အသိပညာပေးပြခန်းများတွင် ပြခန်းဆုရရှိကြသူများ၊ ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆုနှင့် အထူးကုန်စည်ခွန် အများဆုံးထမ်းဆောင်သည့်ဆုများရရှိခဲ့ကြသည့် ပြည်နယ်အတွင်းလုပ်ငန်းရှင်များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထူးချွန်ဆုရရှိကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် တွေ့ဆုံပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ အသိပညာမျှဝေသည့် ဆွေးနွေးပွဲသို့တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့်တရုတ်စီးပွားရေး လုပ်ငန်းရှင်အသင်းများနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်နှင့် မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership –RCEP) အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုထားရှိပြီးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးလျက်ရှိပြီး လုပ်ငန်းများလွယ်ကူချောမွေ့စေရေးအတွက်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ Supply Chain တစ်လျှောက် အကျိုးကျေးဇူးများအား မျှဝေခံစားတတ်သည့် စီးပွားရေးအသိုက်အဝန်းကိုဖော်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်စေရန်အရေးကြီးကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု၊ ကူးသန်းသွားလာမှု တိုးတက်လာစေရေးအတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ငွေကြေးဖြစ်သည့် “ယွမ်”ဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းစဉ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဆိဒိုးနားဟိုတယ်၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့်မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) (ASEAN Economic Community Strategic Plan – 2026–2030) တို့နှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အသိပညာမျှဝေသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်မှုများတွင် ပုဂ္ဂလိကကဏ္ဍသည် အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုများနှင့် အခွင့်အလမ်းများကို သိရှိအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၏ အကြံပေး ဒေါက်တာတင်တင်ထွေး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစုနှင့် ပုဂ္ဂလိကကဏ္ဍမှ ဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်တို့က အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက လုပ်ငန်းစဉ်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ကရင်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် နိုဝင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ဘားအံ)ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ နိုင်ငံ၏လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကြိုးပမ်းရာတွင် လက်တွေ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်ကျွမ်းကျင်သူများ မွေးထုတ်ပေးလျက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်း၊ စိုက်ပျိုးရေးနှင့်




မွေးမြူရေးသိပ္ပံကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှုရှိစေရေးအပြင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးကြိုးပမ်းချက်များနှင့် တောင်သူလယ်သမားများအား လက်တွေ့ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၌ အားကိုးအားထားပြုရသူများအဖြစ် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာစွမ်းဆောင်နိုင်ကြသည့် လူချွန်လူကောင်းများဖြစ်အောင် တစ်ပါတည်းလေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ဘွဲ့ကြိုစိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ ဆက်လက်ဆည်းပူးလိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား တိုးချဲ့ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် တက်ရောက်နိုင်ကြစေရန် တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ မွေးမြူရေးဘာသာရပ်အတွက် လက်တွေ့သင်ထောက်ကူဆောင်များကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးဇုန် (မိဇံ)သို့ သွားရောက်ပြီး ဝက် နှင့် ဆိတ်မွေးမြူလုပ်ကိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအားတွေ့ဆုံပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြစ်၍ လုပ်ငန်းရှင်တစ်ဦးချင်းက မှန်ကန်စွာကြိုးစားလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းတိုးချဲ့အောင်မြင်အောင်ဆောင်ရွက်ရန်မွေးမြူရေးဇုန်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးနှင့်မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းရှင်များ၏လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ မွေးမြူရေးသုံးဆေးဝါးများထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

# တောင်သူများပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းရွေးချယ်ပွဲနှင့် (၈၉) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

တောင်သူများ ပူးပေါင်းပါဝင်သည့် စပါးမျိုးလိုင်းများရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသုတေသနဗဟိုဌာန စိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးမြင့်မားမှသာ တောင်သူများတွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိစေနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်က ပုဂ္ဂလိက မျိုးစေ့ထုတ်ကဏ္ဍကို အထူးအားပေးဆောင်ရွက်လျက်ရှိသော်လည်း မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း၊ သို့ဖြစ်၍ လယ်ယာကဏ္ဍတစ်ခုလုံး မျိုးကောင်းမျိုးသန့်သုံးစွဲမှုလွှမ်းခြုံနိုင်အောင် တောင်သူများကိုယ်တိုင်မျိုးစေ့ထုတ်နိုင်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်းတိုက်တွန်းပြောကြားပြီး ကွင်းအတွင်း စိုက်ပျိုးပြသထားသည့်စပါးမျိုးလိုင်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေး၊ စိုက်ပျိုးရေးလုပ်သားများ၏ကျန်းမာရေးကိုကာကွယ်ရေးနှင့် စားသုံးသူများ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာဝဏ္ဏထွန်းက “မတ်ပဲ၊ ပဲတီစိမ်းသီးနှံများတွင် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှတောင်သူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## More than 18,000 acres of cotton planted in Myinmu Township

MYINMU November 8

Local farmers grew a total of 18,997 acres of cotton as monsoon crops in Myinmu Township of Sagaing Region this year, according to the data of Sagaing District Agriculture Department.

During the 2025-2026 monsoon crop season, a total of 21,140 acres of cotton have been targeted for cultivation in Myinmu Township. Cultivation began in May this year, and as of today, 18,997 acres have been planted, according to reports.

"This year, over 20,000 acres of cotton are planned to be cultivated in Myinmu Township during the monsoon season. So far, cultivation has been completed on more than 18,000 acres. To help farmers conveniently grow in time for the season, quality cotton seeds are being provided to them," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

Myinmu Township Department of Agriculture has been conducting technical training sessions for cotton farmers to ensure access to quality and pure seed varieties, promote healthy and successful crop growth, prevent pest and disease outbreaks, and apply proper cultivation practices to achieve good yields.



For cotton cultivation, the production cost is about Ks-350,000 per acre, and the average yield is around 1,000 viss per acre.

Since cotton can be grown as an intercropping crop with onion before harvest and with green gram after harvest, farmers can earn additional income from multiple crops.

Cotton is being successfully cultivated and produced in 19 townships across Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts in the Sagaing Region. **SK**

## Danubyu Township sends large volume of 90-day rice to Yangon market

DANUBYU November 8

"Local entrepreneurs from Danubyu Township of Ayeyawady Region supplied a large number of 90-day rice bags to Yangon market," said Daw Moe Moe, the owner of rice and paddy trading commodity in Danubyu Township.

From Danubyu Township, up to 60,000 bags of 90-day rice (24-pyi bags) were transported and sold to the Yangon market.

Daw Moe Moe said: "Last month, a large volume of 90-day rice bags was shipped and sold to the Yangon market. Agricultural produce and local products from Danubyu Township are mostly supplied to Yangon. The Yangon market has strong demand for the 90-day rice variety, and there are already purchase arrangements for this month as well. The rice bags are mainly transported and sold by road."

It is reported that during the past month, the 90-day rice (24-pyi bags) sold to the Yangon market fetched prices of up to Ks-98,500 per bag. With improved rice trade, farmers, traders, cargo handlers, and truck rental operators have been gaining employment and livelihood opportunities. **SMK**

## Bogale Township supplies a large volume of fish-paste to Yangon market

BOGALE November 8

"Local fishery entrepreneurs from Bogale Township of Ayeyawady Region sold a large volume of fish-paste to Yangon market," said Daw Yi Yi Win, the owner of fish and fish-paste trading depot in Bogale Township.

In Bogale Township, a total of 150,000 viss of locally produced fish paste were sold and transported to the Yangon market. The increase in exports was due to the growing demand from buyers in the Yangon market for fish paste produced in the region.



"In the past month alone, we sold and transported up to 150,000 viss of fish paste. The dried fish and fish paste produced in Bogale Township are mainly sold to the Yangon market. Consumers there prefer these local products because they are known for their cleanliness and quality. That's why the demand from Yangon continues to rise. With good sales and fair prices like these, fish paste producers here are doing quite well," said Daw Yi Yi Win, a business owner engaged in the fish paste and dried fish trade in Bogale Township.

The fish paste varieties shipped from Bogale to the Yangon market in March included snakehead fish paste, dace fish paste, Japan-fish fish paste, small snakehead fish paste, and climbing perch fish paste — mostly made from freshwater fish. Depending on the type and quality, the price of these fish paste varieties ranged from Ks-10,500 to Ks-45,000 per viss. **SK**

## Green gram harvested in YeU Township

YEU November 8

YeU District Agriculture Department stated that local farmers have harvested 1,640 acres of green gram in YeU Township of Sagaing Region this year.

They planted 1,640 acres of green gram on croplands in YeU Township this year. So far, they have harvested all sown acreage of green gram in the township, yielding more than 10 baskets per acre.

During this year's monsoon crop season, green gram has been cultivated on 1,640 acres in YeU Township. The cultivated green gram fields are now almost fully harvested, according to U Zaw Myint Tun, Head of the Department of Agriculture in YeU District.

He said that agricultural awareness programs have been conducted to encourage farmers to expand green gram cultivation and to use quality, pure seeds to ensure better yields.

The YeU Township Department of Agriculture has been providing local farmers with assistance on using suitable and quality seed varieties, applying proper cultivation methods, preventing pest infestations, and using fertilizers systematically to achieve higher yields.

During this year's monsoon crop season, it is also reported that efforts are being made in collaboration with farmers to promote the use of quality seed varieties, necessary inputs, and post-harvest techniques to improve both yield and quality of various pulses. **SMK**

# Indaw Township to plant more than 3,000 acres of vegetables in coming winter

INDAW November 8

Arrangements are being made to grow more than 3,000 acres of vegetables in Indaw Township of Sagaing Region in coming cold season, according to the township Agriculture Department.

For the 2025–2026 winter crop season, Indaw Township has planned to cultivate 3,522 acres of vegetables. The cultivation period will take place from October to December this year, according to reports.

"This year, for the upcoming winter crop season, we have planned to grow over 3,000 acres of vegetables in Indaw Township. The crops include mustard, chilli, coriander, potato, cabbage, eggplant, Chinese cabbage and cauliflower. We are providing farmers with technical guidance to cultivate all these vegetables under the Good Agricultural Practices (GAP) system. Farmers are also being trained to grow vegetables using methods that minimize chemical residues and ensure health safety," said Township Head of the Department of Agriculture (Indaw) U Thein Khine.

This year, the township Department of Agriculture will conduct technical training for vegetable growers in Indaw Township to promote GAP-based cultivation, ensure that the vegetables produced are safe and healthy for consumption, and encourage farmers to expand vegetable cultivation.

Vegetable cultivation is carried out seasonally every year in Indaw Township, and the crops have been thriving successfully, contributing to household incomes. The township Department of Agriculture will continue to provide guidance to vegetable growers on proper cultivation methods, pest prevention, and the use of natural fertilizers and organic pesticides and repellents.

**SMK**

# Monywa District harvests more than 1,000 acres of sunflower

MONYWA November 8

Statistics of Monywa District Agriculture Department mentioned that local farmers have reaped more than 1,000 acres of sunflower in Monywa District of Sagaing Region this year.

During this year's monsoon crop season, sunflower was cultivated on 9,585 acres in Monywa District. Harvesting of the cultivated sunflower fields began in September, and as of today, 1,455 acres have been harvested, with an average yield of 23.71 baskets per acre.

"This year, sunflower has been cultivated on 9,585 acres during the monsoon crop season in Monywa District. Harvesting is now underway, and over 1,000 acres have been completed so far. To help reduce the import of edible oil, efforts are being made to expand the cultivation of sunflower, which is an oil crop. Sunflower produces a higher oil yield per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

As of now, sunflower harvesting by township in Monywa District has been completed on 728 acres in Budalin Township, 502 acres in Ayadaw Township, and 225 acres in ChaungU Township, totalling 1,455 acres.

To promote sunflower cultivation expansion in Monywa District, the respective township Departments of Agriculture have been conducting intensive awareness and training programs for both staff and farmers to enhance their technical skills and knowledge.



Arrangements have been made to provide sunflower farmers with quality seeds and to sell urea fertilizer at fair prices, while improved sunflower seed varieties are being distributed through farmer-to-farmer exchange systems.

**SK**

# Plan underway to grow more than 2,000 acres of winter sesame in ChaungU Township this year

CHAUNGU November 8

Local authorities set plans to grow more than 2,000 acres of winter sesame as cold season crops in ChaungU Township of Sagaing Region this year, according to ChaungU Township Agriculture Department.

For the 2025-2026 winter crop season, ChaungU Township has planned to cultivate 2,875 acres of winter sunflower. The cultivation period will run from October to December this year, according to reports.



"This year, for the upcoming winter crop season, we have planned to grow over 2,000 acres of sunflower in ChaungU Township. We will make efforts to meet the target acreage. To help reduce the country's reliance on imported palm oil, we are expanding the cultivation of oil crops such as sunflower. Compared to groundnut and sesame, sunflower yields more oil per acre. Sunflower is mainly grown as a winter crop," said Township Head of the Department of Agriculture U Tint Swe.

To promote sunflower cultivation in ChaungU Township, the township Department of Agriculture is conducting awareness and training programmes to enhance the knowledge and capacity of departmental staff and sunflower farmers.

This year, arrangements have been made to provide sunflower growers in ChaungU Township with seed support and to sell compound fertilizers at reasonable prices. The department will also distribute improved sunflower varieties through a farmer-to-farmer seed exchange system.

**SMK**

# YeU Township to plant more than 3,000 acres lima bean in coming cold season

YEU November 8

More than 3,000 acres of croplands will be placed under lima bean in YeU Township of Sagaing Region this year, according to the YeU District Agriculture Department.

In the 2025-2026 winter crop season, YeU Township has planned to cultivate 3,147 acres of lima beans between October and December this year.

"This year, during the upcoming winter crop season in YeU Township, more than 3,000 acres of lima beans are planned for cultivation. Efforts will be made to ensure the full targeted acreage is achieved. Lima beans are grown only in the winter season, and their cultivation has been thriving. Farmers prefer to grow lima beans because they fetch good market prices," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

During this year's monsoon crop season, some local farmers in YeU Township grew lima beans as a main crop, while others practiced intercropping to earn additional income.

The township Department of Agriculture is supporting farmers engaged in multi-crop cultivation by providing assistance to improve yields, encouraging the use of quality seed varieties, and offering the necessary technical knowledge. Farmers are also being trained in natural pesticide preparation and use, preventive measures against crop pests and diseases, and timely harvesting methods.

**SK**

# Biden responsible for Ukraine conflict – Orban

MOSCOW November 8

Hungarian Prime Minister Viktor Orban has accused former US President Joe Biden's administration of driving the Ukraine conflict by pushing EU member states to adopt a more confrontational line against Russia.

Unlike most other countries in the bloc, Hungary has consistently opposed Brussels' anti-Russian policies and has called for a more diplomatic approach to put an end to the hostilities. It has also refused to provide weapons to Kiev and opposed EU sanctions against Moscow.

"Without the pressure coming from the US government – I'm speaking about 2022 – the Europeans would not take that hard line that they have today on the war," Orban told reporters after a meeting with US President Donald Trump at the White House on Friday.

He emphasized that some major EU economies "rejected to be involved more than just sending some, you know, humanitarian issues."

"That's the fact of history," the Prime Minister concluded.

Orban's remarks were echoed by Trump, who responded that the conflict stemmed from mistakes made by his predecessor. The president argued that "Biden actually pushed for that war to happen," adding that he – Trump – "inherited that mess."

In August, Trump said that the Ukraine conflict could have escalated into World War III under the Biden administration. The president has frequently argued that global tensions peaked when relations between Moscow and Washington hit their lowest point under Biden. Since returning to office in January, Trump has reestablished high level communication.

Earlier this year, Russian President Vladimir Putin's economic envoy Kirill Dmitriev urged the White House to reverse the policies of the previous administration to achieve global peace. Dmitriev said that "Biden's mistakes need to be corrected."

Moscow has repeatedly stated that it is ready for peace talks if conditions on the ground are respected and the conflict's root causes are addressed. It has rejected Western calls for a ceasefire along the current line, insisting that only a lasting settlement can end the fighting.

**RT**

# Death toll from U.S. Kentucky cargo plane crash rises to 14



NEW YORK November 8

The death toll from the cargo plane crash that occurred near Louisville International Airport on Tuesday has risen to 14, local media quoted official sources on Friday.

The UPS cargo plane was taking off when the plane's left engine detached after a "large plume of fire" erupted from the left wing, according to the National Transportation Safety Board (NTSB), citing airport surveillance footage.

A child was among the victims. As of Thursday, the nine missing are believed to be near the crash site.

The NTSB investigation team has recovered the aircraft's "black boxes," namely the cockpit voice recorder and the flight data recorder, at the crash site on Wednesday and located the "main component of the engine" on Thursday.

The plane did not require any maintenance on the day of the crash, but it had been in San Antonio for six weeks prior. NTSB said it will "look at every piece of maintenance that was done" during that time.

It is unclear when NTSB will reveal a preliminary report on the crash.

The cargo plane bound for Honolulu crashed near Louisville International Airport, the worldwide air hub for UPS, around 5:15 p.m. local time (2215 GMT) on Tuesday.

**Xinhua**

# Israel returns bodies of 15 Palestinians to Gaza after receiving hostage's remains

JERUSALEM November 8

Israel handed over the remains of 15 Palestinians to the Gaza Strip through the International Committee of the Red Cross (ICRC) on Saturday, a day after Palestinian militants returned the remains of an Israeli hostage under the ongoing ceasefire agreement.

The handover followed Israel's confirmation that the remains transferred by Hamas the previous night belonged to a reserve soldier killed during the Hamas-led attack on southern Israel on October 7, 2023.

The hostage was identified as 61-year-old Lior Rudaeff, whose body had been held by the Palestinian Islamic Jihad group, according to a statement by the Israel Defence Forces (IDF).

The latest exchange brings the total number of Palestinian bodies returned to 300, while 23 hostage bodies have so far been returned to Israel.

The remains of four Israelis and one Thai national are still in Gaza, out of 28 hostage bodies that Hamas is obligated to return under the ceasefire agreement that took effect on October 10.

In addition to the deceased, Hamas has released 20 living Israeli captives, while Israel has freed 250 Palestinian prisoners serving long sentences and 1,718 detainees from Gaza as part of the truce deal.

**Xinhua**

# The Netherlands orders culling 120,000 chickens after bird flu detected

THE HAGUE November 8

The Netherlands has ordered the culling of around 120,000 chickens at a poultry farm in the northern province of Friesland after a highly pathogenic strain of bird flu was detected, the Agriculture Ministry announced on Friday night.

To prevent further spread of the virus, the Dutch Food and Consumer Product Safety Authority (NVWA) will cull all birds at the site in the village of Drogeham.

A transport ban has been imposed immediately within a 10-km radius region, covering the movement of poultry, eggs, manure, and used bedding.

Another poultry farm located 1 km from the infected site is being tested for bird flu and will be intensively monitored for 14 days, while three other farms within 3 km are being screened, according to the statement.



The outbreak comes as the Netherlands had already imposed a national housing order for poultry since October 16, requiring all commercial farms to keep birds indoors and non-commercial owners to take measures to prevent contact with wild birds.

**Xinhua**

# Six killed in cosmetics factory fire in NW Türkiye

ISTANBUL November 8

Six people were killed and another injured when a fire broke out at a cosmetics factory in Türkiye's northwestern Kocaeli province on Saturday, local authorities reported.

The fire erupted at the facility in the Dilovasi District, and multiple fire units were dispatched following an emergency call, according to a statement from the office of Governor Ilhami Aktas.

The blaze was eventually brought under control, Aktas added.Authorities have launched an investigation to determine the cause of the fire.

**Xinhua**

# US nuclear test plan risks new global arms race - Russia's UN Envoy

UNITED NATIONS November 8

US President Donald Trump's statement on nuclear testing has caused chaos worldwide and following through could lead to a renewed arms race with dire implications, Russian Ambassador to the UN Vassily Nebenzia told RIANovosti.

"Naturally, this has caused a stir around the world and in the United States, as many understand the danger of this move, the risk of resuming the nuclear testing they've been conducting since the early 1990s. This could lead to a new escalation, a renewed arms race, and generally unpredictable consequences," Nebenzia said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 37 **can/could/would you ... ?** etc. (Requests, offers, permission and invitations)




**A** Asking people to do things (requests)

We use **can** or **could** to ask people to do things:

- **Can you** wait a moment, please?

or **Could you** wait a moment, please?

- Helen, **can you** do me a favour?
- Excuse me, **could you** tell me how to get to the bus station?

You can say **Do you think** you **could** ... ? :

- **Do you think you could** take me to the airport? (not Do you think you can)

**B** Asking for things

To ask for something, we use **Can** (I) **have** ... ? / **Could** (I) **have** ... ? or **Can** (I) **get** ...?:

- (in a shop)
  **Can** I **have** these postcards, please? or **Can** I **get** these postcards, please?
  (in a restaurant)
  **Could** we **have** the menu, please? or **Can** we **have** the menu, please?

**May** I **have** ... ? is also possible:

- **May** I **have** these postcards, please?

**C** Asking to do things




We use **can I** or **could I** to ask to do something:

- (on the phone) Hello, **can I** speak to Steve, please?
- '**Could I** use your phone charger?' 'Sure.'
- **Do you think I could** borrow your bike?

**May** is also possible:

- **May I ask you a question**?

**May** is more formal than **can** or **could**.

You can also say:

**Do you mind if I** ... ?
**Is it all right if I** ...? / **Is it OK if I** ... ?

- **Do you mind if I** use your phone charger?
- '**Is it all right if I** sit here?' 'Yes, of course.'

**D** Offering and inviting

You can use **Can I** ... ? to offer to do something:

- '**Can I** help you?' 'No, it's OK. I can manage, thanks.'
- '**Can I** get you some coffee?' 'That would be nice.'

To offer or to invite, we use **Would you like** ... ? (not Do you like):

- '**Would you like** some coffee?' 'No, thanks.'
- '**Would you like** to eat with us tonight?' 'That would be great.'

**I'd like** ... (= I **would** like) is a polite way to say what you want:

- (at a tourist information off ice) **I'd like** some information about hotels, please.
- (in a shop) **I'd like** to try on this jacket, please.

**can** and **could** → **Units 26–27** mind -ing → **Unit 53** **would like** → **Units 55A, 58B**
Modal verbs **(can/could/will/would** etc.) → **Appendix 4**

**Raymond Murphy**





KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

❒ **ကျောဖုံးမှအဆက်**

နှစ်ထပ် KTV အဆောက်အအုံ ၁ လုံး၊ နှစ်ထပ် SPA အဆောက်အအုံ ၁ လုံး၊ လေးထပ် ဆေးရုံအဆောက်အအုံ ၁ လုံး၊ နှစ်ထပ် Canteen အဆောက်အအုံ ၂ လုံး၊ နှစ်ထပ်ဈေးဆိုင် အဆောက်အအုံ ၂ လုံး၊ သုံးထပ် လူနေလိုင်းခန်းအဆောက်အအုံ ၃ လုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံး တည်ရှိခဲ့သည်။

ထို့ပြင် ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်းကွင်းများ၊ ဘတ်စကက်ဘောကွင်းများလည်းတည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိအဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံးကို ဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့်ဖြစ်စဉ်များက အများစုဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြဝတီ-မဲ့ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်ဂျိုင်း**

**ဓာတ်ပုံ-မင်းမင်း**





KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။





# ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise)ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း


၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့်လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ



# ဝေဟင်မှမြေပြင်တိုက်ခိုက်ရေးအတွက် အထိရောက်ဆုံးဖြစ်မယ့် စစ်သုံးဒရုန်း



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် General Atomics Aeronautical Systems ဆိုတဲ့စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက မောင်းသူမဲ့တိုက်ပွဲဝင်လေယာဉ်ဖြစ်တဲ့ Gambit 6 ကို ထုတ်ဖော်ပြသလိုက်ပါတယ်။

အခုလိုဒရုန်းကို ထုတ်ဖော်ပြသလိုက်ခြင်းဟာ သူတို့က Gambit အမျိုးအစား မောင်းသူမဲ့လေယာဉ်တွေကို အဆင့်မြှင့်တင်ထုတ်လုပ်လာနေပြီဆိုတဲ့ အခြေအနေကိုထင်ဟပ်စေပါတယ်။ အထူးသဖြင့် အခုထုတ်ဖော်ပြသလိုက်တဲ့ဒရုန်းက ဝေဟင်မှမြေပြင်တိုက်ခိုက်ရေးမစ်ရှင်များအတွက် အကောင်းဆုံးသော တိုက်ခိုက်ရေးသမားဖြစ်လာစေမှာဖြစ်ပါတယ်။

အရင်တုန်းကတော့ ဒီကုမ္ပဏီက ဝေဟင်မှဝေဟင်တိုက်ခိုက်ရေးနဲ့ ကင်းထောက်လုပ်ငန်းများအတွက်သာ ဒရုန်းများကို ဖန်တီးခဲ့တာဖြစ်ပြီး အခု Gambit 6 မှာတော့ တိကျမှုရှိတဲ့တိုက်ခိုက်ရေးစွမ်းရည်အပြင် အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းရည်ကိုပါ ထပ်မံပေါင်းထည့်ထားတာဖြစ်ပါတယ်။ အဓိကကတော့ ရန်သူရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထိုးဖောက်ဝင်ပြီး တိုက်ခိုက်မှုလုပ်နိုင်စေဖို့နဲ့ ရေပြင်တိုက်ခိုက်မှုလုပ်နိုင်စေဖို့အတွက် ဖြစ်ပါတယ်။

သူ့မှာ အဆင့်မြင့်တိုက်လေယာဉ်ကြီးတွေလိုမျိုး ရေဒါရှောင်ကွင်းနိုင်စွမ်းလည်း ပါဝင်ပါတယ်။ ဒီအတွက် လက်နက်တွေကို ဒရုန်းရဲ့ကိုယ်ထည်ထဲမှာထည့်သွင်းထားတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# နေလှိုင်းများကိုတိုင်းတာဖို့ ကျောင်းသားများ တီထွင်လိုက်တဲ့ ပေါင်မုန့်တစ်လုံးစာဂြိုဟ်တု


အမေရိကန်နိုင်ငံမှာရှိတဲ့ အထက်တန်းကျောင်းသားအုပ်စုတစ်စုက အမေရိကန်အာကာသအေဂျင်စီဖြစ်တဲ့ NASA အနေနဲ့ နေမှအလင်းတန်းများက ကမ္ဘာ့ရာသီဥတုအပေါ် ဘယ်လိုမျိုးသက်ရောက်မှုရှိစေလဲဆိုတာတိုင်းတာတဲ့နေရာမှာ ကူညီပေးနိုင်စေမယ့် ဂြိုဟ်တုတစ်စင်းကို ဖန်တီးလိုက်ပါတယ်။ ဒါပေမဲ့ ထူးခြားမှုတစ်ခုက အဲဒီဂြိုဟ်တုရဲ့အရွယ်အစားဟာ ပေါင်မုန့်တစ်လုံးစာသာရှိနေတာဖြစ်ပါတယ်။

CubeSat လို့အမည်ရတဲ့အဲဒီဂြိုဟ်တုက အရွယ်အစားသေးငယ်ပေမယ့် သူ့ရဲ့စွမ်းဆောင်ရည်ကတော့ တော်တော်လေးကိုကောင်းမွန်တယ်လို့ဆိုရမှာပါ။ သူက NASA ရဲ့ IMAP မစ်ရှင်အတွက် နေနဲ့ပတ်သက်တဲ့အရေးကြီးအချက်အလက်များကို ရယူပေးမှာဖြစ်ပါတယ်။ သူ့ကို SpaceX ဒုံးပျံပေါ်တင်ပြီး မကြာခင်မှာ အာကာသထဲလွှတ်တင်သွားဖို့ရှိနေပါတယ်။ အာကာသထဲရောက်သွားတဲ့အခါ CubeSat က ကမ္ဘာ့လေထုအပြင်ဘက်ကိုထွက်ကာ နေလှိုင်းများကိုလေ့လာမှုပြုသွားမှာဖြစ်ပါတယ်။

ဒီဂြိုဟ်တုကိုလွှတ်တင်ခြင်းနဲ့ သူ့ဆီကနေရရှိမယ့်အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းတို့မှ ရရှိလာမယ့် အကျိုးကျေးဇူးများက အာကာသအခြေပြုရာသီဥတုခန့်မှန်းမှုကို ပိုမိုတိကျစေခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ၊ GPS လမ်းညွှန်စနစ်များ၊ ဓာတ်အားလိုင်းများကဲ့သို့သော အာကာသထဲနဲ့ ကမ္ဘာမြေပြင်ရှိအရာများကို နေလှိုင်းများရိုက်ခတ်မှုကြောင့်ဖြစ်ပေါ်နိုင်တဲ့ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်ခြင်းတို့ဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# တရုတ်နိုင်ငံထုတ် မျိုးစပ်စွမ်းအင်အသုံးပြုလျှပ်စစ်ကား ၁၄၄၅ မိုင်မောင်းပြီး ဂင်းနစ်စံချိန်တင်



FAW ဆိုတာ တရုတ်နိုင်ငံရဲ့ အကြီးစားမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုပါ။ သူ့ရဲ့အောက်မှာ ကုန်အမှတ်တံဆိပ်ခွဲတစ်ခုအနေနဲ့ Hongqi ဆိုတဲ့ ကုမ္ပဏီရှိပါတယ်။ Hongqi ဆိုတာကလည်း တရုတ်နိုင်ငံမှာ နိုင်ငံတော်အဆင့်စီးတဲ့ကားတွေကိုထုတ်လုပ်တဲ့ကုမ္ပဏီပါ။ အခုသူတို့ဆီကထုတ်လုပ်ထားတဲ့ မျိုးစပ်စွမ်းအင်အသုံးပြုလျှပ်စစ်ကားတစ်စီးက လောင်စာပြန်လည်ဖြည့်တင်းရခြင်းမရှိဘဲ ခရီးမိုင်ပေါင်း ၁၄၄၅ မိုင်အထိသွားနိုင်ခြင်းအားဖြင့် ဂင်းနစ်မှတ်တမ်းဝင်သွားပါတယ်။ ဂင်းနစ်မှတ်တမ်းဝင်သွားတဲ့ကားအမျိုးအစားက Hongqi HS6 ဖြစ်ပါတယ်။

ဒီကားက ဘက်ထရီအားအပြည့်သွင်း၊ ဆီအပြည့်ဖြည့်ပြီး ရှန်ဂရီလာမှ အောက်တိုဘာလ ၃၀ ရက်မှာ စတင်ထွက်ခွာလာတာပါ။ နိုဝင်ဘာလ ၃ ရက်မှာ ကွမ်ကျိုးကိုရောက်လာတာဖြစ်ပါတယ်။ သူ့မှာတပ်ဆင်ထားတဲ့အင်ဂျင်က မြင်းကောင်ရေ ၁၄၈ ကောင်အားထွက်ရှိတဲ့ အင်ဂျင်ဖြစ်ပြီး ဘက်ထရီကတော့ ၁၄၆ မိုင်အထိသွားနိုင်စေမယ့် ဘက်ထရီကိုတပ်ဆင်ထားတာဖြစ်ပါတယ်။ Hongqi ကုမ္ပဏီက အခုလိုမျိုးဂင်းနစ်မှတ်တမ်းဝင်သွားတဲ့ ကားကို ဥရောပနဲ့အရှေ့အလယ်ပိုင်းဒေသတို့ဆီ အဓိကဦးတည်တင်ပို့ရောင်းချသွားမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# Nissan ကုမ္ပဏီက မော်တော်ကားထုတ်လုပ်မှုနှုန်းကိုတိုးမြှင့်ဖို့ AI နည်းပညာအသုံးပြုမည်



ဂျပန်နိုင်ငံမှမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Nissan က ဗြိတိန်နိုင်ငံရှိ Monolith ကုမ္ပဏီနဲ့ပူးပေါင်းပြီး မော်တော်ကားထုတ်လုပ်တဲ့နေရာမှာ AI နည်းပညာကိုအသုံးပြုဖို့လုပ်ဆောင်နေပါတယ်။ အဓိကကတော့ လျှပ်စစ်ကားတွေကိုထုတ်လုပ်ရာမှာ စမ်းသပ်မှုလုပ်ရတဲ့အချိန်ကိုထက်ဝက်လျှော့ချပြီး မော်တော်ကားထုတ်လုပ်မှုနှုန်းကို တိုးမြှင့်နိုင်ဖို့ဖြစ်ပါတယ်။


Nissan ကုမ္ပဏီက Leaf ဆိုတဲ့ လျှပ်စစ်ကားတွေကို ယခင်ကတည်းကထုတ်လုပ်ခဲ့တာပါ။ အခုတော့ နောက်ထပ်ထုတ်မယ့်ကားတွေကို AI နည်းပညာအသုံးပြုခြင်းအားဖြင့် စမ်းသပ်မှုတွေလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒီလိုစမ်းသပ်မှုတွေလုပ်ရာမှာလည်း ဆယ်စုနှစ်များစွာကြာ စမ်းသပ်မှုများလုပ်ရာမှရရှိလာတဲ့အချက်အလက်တွေကို အသုံးပြုပြီး AI နဲ့ပေါင်းစပ်ကာ ကားရဲ့စွမ်းဆောင်ရည်ပိုင်းကို သူမတူတဲ့တိကျမှုနဲ့တိုင်းတာနိုင်မှာဖြစ်တယ်လို့ Nissan ကုမ္ပဏီမှထိပ်တန်းတာဝန်ရှိသူတစ်ဦးက ထုတ်ပြန်ထားပါတယ်။

**Ref: IE**

**ကိုထက်**

# အဏ္ဏဝါရေပြင်ကို အထိရောက်ဆုံးကာကွယ်နိုင်စေမယ့် ရေအောက်ထောက်လှမ်းရေးကွန်ရက်



ဩစတြေးလျနိုင်ငံက သူတို့ရဲ့မြောက်ပိုင်းအဏ္ဏဝါရေပြင်ကို အထိရောက်ဆုံးကာကွယ်မှုတွေလုပ်ပြီး စောင့်ကြည့်နိုင်စေမယ့် ရေအောက်ထောက်လှမ်းရေးကွန်ရက်တစ်ခုကို တည်ဆောက်ဖို့ လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် ကုန်သွယ်ရေးနဲ့ကာကွယ်ရေးအတွက် အရေးကြီးတဲ့ ရေလမ်းကြောင်းကျဉ်းများကဲ့သို့သော မဟာဗျူဟာမြောက်နေရာတွေအတွက် အလွန်အရေးပါတဲ့စနစ်ဖြစ်လာလိမ့်မယ်လို့ဆိုပါတယ်။

ဒီစီမံကိန်းအတွက် ကုမ္ပဏီကြီးသုံးခုက ပူးပေါင်းထားတာပါ။ အဲဒီကုမ္ပဏီတွေက Thales Australia၊ Austal နဲ့ C2 Robotics တို့ပဲဖြစ်ပါတယ်။ ဒီကုမ္ပဏီသုံးခုစလုံးက ကာကွယ်ရေးနဲ့ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီကြီးများဖြစ်ပါတယ်။

အခုဖန်တီးမယ့်စနစ်မှာ အဆင့်မြင့်တဲ့ဆိုနာအာရုံခံကိရိယာများ၊ ဆက်သွယ်ရေးစနစ်များနဲ့အတူ အလိုအလျောက်သွားနိုင်တဲ့မောင်းသူမဲ့ရေအောက်သွားဒရုန်းများကို ကာလရှည်ရေအောက်ထောက်လှမ်းရေးကွန်ရက်ထဲပေါင်းထည့်ခြင်းအားဖြင့် ချိတ်ဆက်သွားမှာဖြစ်ပါတယ်။ ဒီစနစ်မှာ အဓိကပါဝင်မယ့်အစိတ်အပိုင်းက Spear-tooth လို့အမည်ပေးထားတဲ့ အကြီးစားမောင်းသူမဲ့ရေအောက်သွားဒရုန်းပဲဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် အပါအဝင် မြို့နယ် ၁၄ မြို့နယ်နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အပါအဝင် မြို့နယ် ၆ မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ပန်းခြံတို့၌ နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိတလိုင်းကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၉ ပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တလိုင်းကုန်းကျောင်းတိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘူမိအနောက်ရပ်ကွက်၊ မြတောင်ကျောင်းတိုက်ရှိ သံဃာတော် ၁၂၉ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နတ်မောက်မြို့နယ်၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**နတ်မောက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာလ ၇ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေး စည်းကမ်းချက်များကို ပြောကြားသည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းမှ အခြေခံပညာအထက်တန်းအဆင့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စို့နှင့် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့ ခေါင်းစဉ်တို့ဖြင့် အသီးသီးယှဉ်ပြိုင်ကြသည်။

အဆိုပါအမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ကျပန်းစကား ပြောပြိုင်ပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)တို့မှ ကျောင်းသား၊ ကျောင်းသူကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို နိုဝင်ဘာလ ၁၄ ရက်တွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)

# တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များထောက်ပံ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြေအောက်ရေ စက်ရေတွင်းများတူးဖော်ခြင်း၊ ဆိုလာစနစ်ပြောင်းလဲတပ်ဆင်ခြင်း၊ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဆိုလာနှင့်လျှပ်စစ်ရေတင်စနစ်များ တည်ဆောက်ခြင်း၊ ကျေးလက်ထိန်းဆည်များပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား အနိမ့်တင်ဆိုလာပန့်များနှင့် ဆင်းရှေးကြာ-၂ နေကြာမျိုးစေ့များပေးအပ်ပြီး တောင်သူများ၏တင်ပြဆွေးနွေးချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျည်တောင်ကျေးရွာအုပ်စု ခေါမကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွာတွင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လမ်းပခုံးသားများနှင့် လမ်းဘေးဝဲယာရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေထုတ်မြောင်းများ စနစ်တကျဖောက်လုပ်ရန်မှာကြားသည်။




ဆက်လက်၍ စည်ပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာအနီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ထားရှိသော ရေထိန်းအဆောက်အအုံပြန်လည်ပြုပြင်ခြင်းနှင့် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းမှ အနိမ့်တင်ဆိုလာပန့်များတပ်ဆင်၍ ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ တောင်သူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လမ်းများ နိုင်လွန်ကတ္တရာ (AC) ခင်းကျင်းနေမှုနှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အေးချမ်းသီရိလမ်း အဆင့်မြှင့်တင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ပြီး လုပ်ငန်းအပိုင်းလိုက်အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့ကို စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# အခြေခံပညာအထက်တန်းအဆင့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေး

ဒေးဒရဲ နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ရှိ အခြေခံပညာအထက်တန်းအဆင့် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအား သိသင့်သိထိုက်သည့်ဥပဒေအသိပညာများကို သင်ကြားပြသပေးနိုင်ရန်ရည်ရွယ်၍ အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ(မြို့နယ်အဆင့်)သင်တန်းကို ယနေ့တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကရဝိက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက် ၁၇ နှစ်၊ ၁၈ နှစ်အရွယ်များဖြစ်ပြီး အသက်အရွယ်အရ မဲပေးရန်အကျုံးဝင်သူများဖြစ်လာနိုင်၍ သိထားသင့်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအပါအဝင် သိသင့်သိထိုက်သည့်ဥပဒေများကိုသင်ကြားပေးနိုင်ရေး အဆိုပါသင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး ယခုသင်တန်းမှပို့ချပေးမည့်သင်ခန်းစာများကိုမှတ်သားအသုံးချ၍ ကျောင်းသား၊ ကျောင်းသူများအားပြန်လည်သင်ကြားပြသပေးရန် ရှင်းလင်းဆွေးနွေးပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစိုးပိုင်က သင်တန်းစည်းကမ်းချက်များကို ဟောပြောသည်။

အဆိုပါအခြေခံပညာအထက်တန်းအဆင့် ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားဆွေးနွေးပွဲ (မြို့နယ်အဆင့်)သင်တန်းကို ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၁၀၂ ဦးအား သင်တန်းဆရာ၊ ဆရာမ ခုနစ်ဦးက နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် ဥပဒေဘာသာရပ်များကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## စနေနေ့ ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | |
| စပါး | ၂ - ၂ | မန်ယူ |
| အဲဗာတန် | ၂ - ၀ | ဖူဟမ် |
| ဝက်စ်ဟမ်း | ၃ - ၂ | ဘန်လေ |
| **ဂျာမန်ဘွန်ဒက်လီဂါ** | | |
| ဝါဒါဘရီမင် | ၂ - ၁ | ဝုလ်ဘတ် |
| ဟော့ဖန်ဟိမ်း | ၃ - ၁ | လိုက်ပဇစ် |
| ယူနီယံဘာလင် | ၂ - ၂ | ဘိုင်ယန် |
| **စပိန်လာလီဂါ** | | |
| အယ်ချီ | ၁ - ၁ | ဆိုစီဒက် |
| ဂီရိုနာ | ၁ - ၀ | အလာဗက် |
| ဆီဗီလာ | ၁ - ၀ | အိုဆာဆူနာ |

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၉၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၃၀ | ၂၈၄၅ | ၂၈၃၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၄˚c |
| ရန်ကုန် | ၂၂˚c | / | ၃၄˚c |
| မန္တလေး | ၂၄˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးထစ်ချုန်းရွာမည်

၈-၁၁-၂၀၂၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

## ၈-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

5 Digits
အောင်ဘာလေ အွန်လိုင်းထီ
"117 နဲ့ ထီကံစမ်းခြင်း (၂)မျိုး"
*117# ကို ခေါ်ဆို၍ ဝယ်ယူခြင်း
117 သို့ (ABL1, ABL3, ABL5, ABL10) ဟု SMS ပေးပို့ပြီး ဝယ်ယူခြင်း
Scan Me
Call Center 777 (or) 09 677 000 777
*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ၊ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းစောဟန်၊ ကာတွန်းနှင်းဦးနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မောင်မျိုးညွန့်၊ ငွေးကြည်(စလင်း)၊ ကန့်ဘလူခင်မောင်ဆွေ၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၄-၁၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၄၂)ထွက်ပြီ။
စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄
♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦



## အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ ဦးရာဇာမင်း(ဘ)ဦးတင်မောင်ကြည်၊ ၈/ပမန(နိုင်)၁၃၀၂၃၇ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရာဇာမင်းနှင့် သူ၏အစ်မဖြစ်သူ ဒေါ်ခိုင်ပုလဲတို့သည် မွေးချင်းမောင်နှမအရင်းတော်စပ်သော်လည်း ယခုအခါ အရွယ်ရောက်ပြီးသူများဖြစ်၍ ကိုယ့်အိုးကိုယ့်အိမ်ဖြင့် သပ်သပ်စီထူထောင်နေထိုင်ကြပြီးသူများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခိုင်ပုလဲနှင့်ပတ်သက်သောကိစ္စအရပ်ရပ်တို့မှာ ဦးရာဇာမင်းနှင့် သက်ဆိုင်ခြင်းမရှိပါ၍ မည်သည့်ကိစ္စရပ်ကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရာဇာမင်း(ဘ)ဦးတင်မောင်ကြည်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသွယ်ကို(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၀၀၂၄**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**၀၉-၄၀၁၆၇၆၆၁၂**

## အများသိရှိနိုင်ရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်ခရိုင်အတွင်း ကော်ဖီစီမံကိန်းဧရိယာသတ်မှတ်ထားပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေပါသည်။ အဆိုပါကော်ဖီစီမံကိန်းမြေများသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပြီး စိုက်ပျိုးလုပ်ပိုင်ခွင့်ရရှိထားသူသည် ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းများ ဆောင်ရွက်ခွင့်မရှိသည့်အတွက် စိုက်ပျိုးလုပ်ပိုင်ခွင့်ရရှိသူကိုယ်တိုင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။ သို့ရာတွင် စိုက်ပျိုးလုပ်ပိုင်ခွင့်ရရှိသည့် အချို့သောပုဂ္ဂိုလ်များသည် ထပ်ဆင့်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း အစရှိသည်များကို ကျူးလွန်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ တည်ဆဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများပြည်သူများ သိရှိနိုင်ရန် ကြေညာအပ်ပါသည်။

ကော်ဖီစိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ-၁၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ-၂၉-က၊ ပုဒ်မခွဲ(က)တို့ကို လေ့လာဖတ်ရှုရန် အကြံပြုပါသည်။

**ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း
ဇေယျာလင်း(ဘ)ဦးညွန့်သိန်း ၁၄/ဖပန(နိုင်)၂၃၇၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
နှင်းသီရိရှိန်(ဘ)ဦးရဲထွန်း ၉/မသန(နိုင်)၁၈၄၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ကြည်ဆက်နိုင်(ဘ)ဦးပြုံးချို ၁၂/ကမတ(နိုင်)၀၇၀၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၅၀၅၃

### ပျောက်ဆုံးကြောင်း
သန်းမြင့်ဦး(ဘ)မိုဟာမက်အစ္စမေလ်(ခ)တင်လှ ၁၂/စခန(နိုင်)၀၆၀၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 401384)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၈၄၉၈၄

### ပျောက်ဆုံးကြောင်း
အောင်ပြည့်စုံ(ဘ)ဦးကျော်စိုး ၁၄/ကကန(နိုင်)၁၆၉၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
မင်းတင်ကိုကို(ဘ)ဦးကျော်ဦး ၁၀/ခဆန(နိုင်)၁၂၁၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၅၃၉၀၈၆

### ပျောက်ဆုံးကြောင်း
စန္ဒာဝင်း(ဘ)ဦးရွှေသိန်း ၁၀/မဒန(နိုင်)၂၂၆၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

### ပျောက်ဆုံးကြောင်း
ဇော်လွင်မိုး(ဘ)ဦးစန်းလွင် ၇/ကကန(နိုင်)၀၅၃၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ရဲဇာနည်(ဘ)ဦးခင်မောင်ဦး ၁၂/ဒဂတ(နိုင်)၀၈၀၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 261554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၇၅၄၇၁၆

### ပျောက်ဆုံးကြောင်း
နော်သီတာအေး(ဘ)ဦးနေလင်း ၃/ကကရ(နိုင်)၀၉၈၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 754190)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မျိုးမြင့်ဦး(ဘ)ဦးလှမြင့် ၁၂/ဥကမ(နိုင်)၂၇၆၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
သန္တာဝင်း(ဘ)ဦးဘိုးကင်း ၁၀/ပမန(နိုင်)၂၂၀၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၂၈၁၁၄၃၂

### ပျောက်ဆုံးကြောင်း
မိအေးအေးခိုင်(ဘ)ဦးဝင်းလွင် ၁၀/ပမန(နိုင်)၂၃၈၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၃၉၉၆၃၅

### ပျောက်ဆုံးကြောင်း
မဝင်းမူ(ဘ)ဦးစိန် ၁၀/ရမန(နိုင်)၁၅၄၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၄၉၀၄၇

### ပျောက်ဆုံးကြောင်း
စိုးသူဇာ(ဘ)ဦးသန်းအေး ၁၀/ကမရ(နိုင်)၁၁၄၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၉၃၀၉၃၇

### ပျောက်ဆုံးကြောင်း
ဝင်းထွဋ်အေး(ဘ)ဦးတင်အေး ၁၀/သထန(နိုင်)၀၁၅၆၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၂၉၂၉၂၂

### ပျောက်ဆုံးကြောင်း
ရီရီထွေး(ဘ)ဦးမောင်အေး ၁၀/ခဆန(နိုင်)၁၀၄၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

### အမည်မှန်
ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဆိပ်ကြီးကျေးရွာနေ ဦးအောင်စိုး ၃/ကဆက(နိုင်)၀၄၆၀၀၁ တို့၏သား မောင်မင်းခိုင်ဇော်၏အမည်မှန်မှာ မောင်ခိုင်ဇော်ဖြစ်ပါကြောင်း။
မောင်ခိုင်ဇော်

### ပျောက်ဆုံးကြောင်း
မိစန္ဒာမိုး(ဘ)ဦးစိုး ၁၀/ကမရ(နိုင်)၀၈၅၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

### ပျောက်ဆုံးကြောင်း
မျိုးမင်းဇော်(ဘ)ဦးမောင်ညွန့် ၁၀/မလမ(နိုင်)၁၄၄၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၆၆၄၉၈၉

### ပျောက်ဆုံးကြောင်း
နှင်းဆီ(ဘ)ဦးဖေမောင် ၁၀/သထန(နိုင်)၂၆၅၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၄၀၀၆၄၆

### ပျောက်ဆုံးကြောင်း
ဦးသန့်တင်ရည်(ဘ)ဦးတင်ရီ ၁၀/မလမ(နိုင်)၂၃၄၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၃၃၄၉၈၉

### ပျောက်ဆုံးကြောင်း
စန်းစန်းမော်(ဘ)ဦးမောင်လှ ၁၀/မလမ(နိုင်)၂၀၀၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၈၃၄၉၈၉

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကေး(တော်ကပူးရွာ)မှ မောင်ထက်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းထွေး ၁၀/ခဆန(နိုင်)၁၀၆၀၁၉ ဖြစ်ပါကြောင်း။
ဦးသန်းထွေး

### ပျောက်ဆုံးကြောင်း
မိဟေမာဝင်း(ဘ)ဦးငွေစိုး ၁၀/ကမရ(နိုင်)၀၈၅၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

### အမည်ပြောင်း
အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-1 မှ (ဘ)ဦးစစ်ပြုံးလှိုင် ၁၀/သထန(နိုင်)၂၇၇၄၉၂ ၏သား မောင်သော်မှူးခန့်အား မောင်ထူးထက်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ထူးထက်မြတ်

### ဖခင်အမည်မှန်
နတ်မောက်မြို့၊ အ.ထ.က(၁) Grade-9 မှ မောင်သက်ပိုင်စိုး၏ဖခင်အမည်မှန်မှာ ဦးဆန်းထွန်းဦး ၈/နမန(နိုင်)၁၀၅၄၈၆ ဖြစ်ပါကြောင်း။
ဦးဆန်းထွန်းဦး

### တစ်ဦးတည်းဖြစ်ပါကြောင်း
မိုင်းယောင်းမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးစိုင်းယီ၏သမီး နန်းကျဲန်ဆီဖောင်း ၁၃/မယတ(နိုင်)၀၄၀၂၆၇ နှင့် ချိုရီဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
နန်းကျဲန်ဆီဖောင်း(ခ)ချိုရီဦး

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


### ပျောက်ဆုံးကြောင်း
စောဝင်းသိန်း(ဘ)ဦးချစ်စိန် ၃/ကကရ(နိုင်)၀၁၉၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၁၉၆၃၅၇

### ပျောက်ဆုံးကြောင်း
တွံတေးမြို့နေ ကျော်ငွေးလွင် ၁၂/တတန(နိုင်)၂၃၈၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 465749)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၆၅၇၂၉၃

### ပျောက်ဆုံးကြောင်း
နော်မူလား(ဘ)စောထူးထူး ၇/ကတခ(နိုင်)၂၄၄၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

# ပရီးမီးယားလိဂ် လာလီဂါနှင့် စီးရီးအေအမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

စည်သူအောင်



## မန်စီးတီး Vs လီဗာပူး

ကစားမည့် ရက် / အချိန်
(၉-၁၁-၂၀၂၅ ရက် ည ၁၁:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| မန်စီးတီး | ၀ - ၂ | လီဗာပူး |
| လီဗာပူး | ၂ - ၀ | မန်စီးတီး |
| လီဗာပူး | ၁ - ၁ | မန်စီးတီး |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | |
|---|---|---|
| မန်စီးတီး | ဝေး(နိုင်)အိမ်(နိုင်) | အိမ်(နိုင်) |
| လီဗာပူး | အိမ်(ရှုံး)အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

မန်စီးတီး ၂ - ၁ လီဗာပူး

မန်စီးတီးအသင်းက နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာ လေးပွဲအနိုင်ရရှိပြီး တစ်ပွဲသာရှုံးနိမ့်လို့ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပြီး ချန်ပီယံပြေးလမ်းကြောင်းထဲကို ပြန်လည်ရောက်ရှိနေပါတယ်။ ဟာလန်းဦးဆောင်တဲ့ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကလည်း နောက်ဆုံးကစားတဲ့ သုံးပွဲမှာ ၁၀ ဂိုးသွင်းယူနိုင်တဲ့အထိ ထက်မြက်မှုရှိနေလို့ လီဗာပူးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မန်စီးတီးအသင်းတိုက်စစ်ပိုင်းမှာ ဟာလန်းအပြင် ဖိုဒန်ပါ ခြေစွမ်းပြဂိုးသွင်းယူနိုင်စွမ်းရှိနေလို့ အသင်းတိုက်စစ်ပိုင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ပိုမိုထက်မြက်မှုရှိနေပါတယ်။ မန်စီးတီးအသင်းက အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်အသင်းနဲ့ရမှတ်ခြောက်မှတ်သာကွာဟနေလို့ ရမှတ်လျှော့ချနိုင်ဖို့အတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်းရဲ့ ပရီးမီးယားလိဂ် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း ငါးပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိထားကာ တစ်ပွဲရှုံးနိမ့်ထားလို့ အာဆင်နယ်နဲ့ဘုန်းမောက်အသင်းတို့ပြီးရင် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။

ဒီရာသီမှာ ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်နေတဲ့ လီဗာပူးအသင်းက နောက်ဆုံးကစားတဲ့ နှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ စိတ်ချလို့ရတဲ့အနေအထားမှာမရှိသေးပါဘူး။ လီဗာပူးအသင်းက ဒီရာသီ တိုက်စစ်ပိုင်းက အားကောင်းနေတယ်ဆိုပေမယ့် ကွင်းလယ်ပိုင်းနဲ့ ခံစစ်ပိုင်းမှာ လိုအပ်ချက်တွေရှိနေပြီး ရုန်းကန်နေရပါတယ်။ လီဗာပူးအသင်းက နောက်ဆုံးကစားတဲ့ ပရီးမီးယားလိဂ်သုံးပွဲမှာလည်း နှစ်ပွဲရှုံးနိမ့်ခဲ့ပြီး တစ်ပွဲသာအနိုင်ရရှိခဲ့ပါတယ်။ လီဗာပူးအသင်းခံစစ်ပိုင်းက ဒီရာသီပရီးမီးယားလိဂ် ၁၀ ပွဲမှာ ၁၄ ဂိုးပေးခဲ့ရတဲ့အထိဆိုးရွားနေလို့ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲနေမှာပါ။ လီဗာပူးအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလည်း ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရရှိပြီး သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းမှာ ရလဒ်ပိုင်းပိုမိုဆိုးရွားနေတာကို တွေ့ရမှာပါ။

နှစ်သင်းကြားကစားသမားစုဖွဲ့မှုပိုင်းမှာ ကွာဟမှုမရှိဘူးဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းနဲ့ အိမ်ရှင်အားသာချက်ပါရှိနေတဲ့ မန်စီးတီးအသင်းပဲအနိုင်ရမှာသေချာပါတယ်။

## ဆယ်တာဗီဂို Vs ဘာစီလိုနာ

ကစားမည့် ရက် / အချိန်
(၁၀-၁၁-၂၀၂၅ ရက် နံနက် ၂:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ဘာစီလိုနာ | ၄ - ၃ | ဆယ်တာဗီဂို |
| ဆယ်တာဗီဂို | ၂ - ၂ | ဘာစီလိုနာ |
| ဆယ်တာဗီဂို | ၁ - ၂ | ဘာစီလိုနာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | |
|---|---|---|
| ဆယ်တာဗီဂို | ဝေး(နိုင်)ဝေး(နိုင်) | ဝေး(နိုင်) |
| ဘာစီလိုနာ | ဝေး(ရှုံး)အိမ်(နိုင်) | ဝေး(သရေ) |

**ခန့်မှန်းရလဒ်**

ဆယ်တာဗီဂို ၁ - ၃ ဘာစီလိုနာ

နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့တဲ့ ဆယ်တာဗီဂိုအသင်းရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ဘာစီလိုနာအသင်းဖြစ်နေလို့ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရပါလိမ့်မယ်။ ဆယ်တာဗီဂိုအသင်းက ဘာစီလိုနာအသင်းကို ၂၀၂၃ ခုနှစ်က အနိုင်ရရှိခဲ့ပြီး နောက်ပိုင်းပွဲစဉ်တွေမှာတော့ အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ထိပ်တိုက်တွေ့ဆုံတိုင်း ရုန်းကန်နေရပါတယ်။ ဆယ်တာဗီဂိုအသင်းရဲ့ စပိန်လာလီဂါအိမ်ကွင်း စွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ခြောက်ပွဲကစားပြီးချိန်မှာ တစ်ပွဲမှအနိုင်ရယူနိုင်ခြင်းမရှိသေးဘဲ ငါးပွဲ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးတစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက ကောင်းမွန်ခြင်းမရှိဘဲ အဝေးကွင်းထက် အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ပိုမိုရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဆယ်တာဗီဂိုအသင်းက ဒီရာသီစပိန်လာလီဂါပြိုင်ပွဲမှာ အိမ်ကွင်းတစ်ပွဲမှအနိုင်ရရှိခြင်းမရှိသေးတဲ့ တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေတဲ့အထိ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက ကျဆင်းနေတာကို တွေ့ရမှာပါ။

ဘာစီလိုနာအသင်းကတော့ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရမှတ်ငါးမှတ်သာကွာဟနေလို့ ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အတွက် အခုပွဲစဉ်ကို အနိုင်ရရှိအောင်စွမ်းဆောင်လာမှာပါ။ ဘာစီလိုနာအသင်းရဲ့ ဒီရာသီစပိန်လာလီဂါ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ခြောက်ပွဲကစားပြီးချိန်မှာ သုံးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက သာမန်အနေအထားမှာသာရှိနေပါတယ်။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ဘာစီလိုနာအသင်းက ဆယ်တာဗီဂိုအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိနေတာကို တွေ့ရမှာပါ။ ဘာစီလိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းအရလည်း အဝေးကွင်းဆိုပေမယ့် ဆယ်တာဗီဂိုအသင်းကို အနိုင်ရယူနိုင်ဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။



နှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲအနိုင်ရယူပြီး အမှတ်ပေးဇယားထိပ်ဆုံးကဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ပါလိမ့်မယ်။

## အင်တာမီလန် Vs လာဇီယို

ကစားမည့် ရက် / အချိန်
(၁၀-၁၁-၂၀၂၅ ရက် နံနက် ၂:၁၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| အင်တာမီလန် | ၂ - ၂ | လာဇီယို |
| အင်တာမီလန် | ၂ - ၀ | လာဇီယို |
| လာဇီယို | ၀ - ၆ | အင်တာမီလန် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အင်တာမီလန် | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| လာဇီယို | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**


အင်တာမီလန် ၂ - ၀ လာဇီယို

အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်တက်ရောက်နိုင်ဖို့ အင်တာမီလန်အသင်းအတွက် အိမ်ကွင်းမှာနိုင်ပွဲရလဒ်လိုအပ်နေပါတယ်။ အင်တာမီလန်အသင်းက နောက်ဆုံးကစားတဲ့ငါးပွဲမှာလည်း အမှတ်ပေးဇယားထိပ်ဆုံးက နာပိုလီအသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ပြီး ကျန်လေးပွဲစလုံးကို အနိုင်ရရှိထားတဲ့အထိကို ခြေစွမ်းပိုင်းထက်မြက်မှုရှိနေပါတယ်။ အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းစွမ်းရည်ရှိနေလို့ ခံစစ်ပိုင်းလိုအပ်ချက်ရှိနေတဲ့ လာဇီယိုအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒီရာသီအင်တာမီလန်အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း စီးရီးအေငါးပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရှုံးပွဲမရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့တဲ့အထိ အိမ်ကွင်းခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဒါ့ပြင် အင်တာမီလန်အသင်းက ၂၀၂၂ ခုနှစ်က လာဇီယိုအသင်းကိုရှုံးနိမ့်ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ တစ်ပွဲမှမရှုံးနိမ့်အောင် စွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။

လာဇီယိုအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေမတည်မငြိမ်ဖြစ်နေပြီး နောက်ဆုံးကစားတဲ့ငါးပွဲမှာ နှစ်ပွဲသာအနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် ဒီရာသီ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ငါးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့နှစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါ့ပြင် လာဇီယိုအသင်းရဲ့ အဝေးကွင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း ငါးပွဲမှာ သုံးဂိုးတည်းသွင်းယူနိုင်ပြီး ဂိုးသွင်းအားကျဆင်းနေလို့ ခံစစ်ပိုင်းမာကျောမှုရှိတဲ့ အင်တာမီလန်အသင်းခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ဖို့အတွက်လည်း လိုအပ်ချက်တွေရှိနေမှာအမှန်ပါ။ လာဇီယိုအသင်းက အိမ်ကွင်းဆိုရင်သာ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမယ့် အဝေးကွင်းမှာတော့ တန်းဆင်းဇုန်က အသင်းတွေပြီးရင် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း ဆိုးရွားတဲ့အသင်းအဖြစ် ရပ်တည်နေပါတယ်။

နှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ ကွာခြားမှုမရှိဘူးဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းအရရော အိမ်ရှင်အားသာချက်မှာပါ အသာစီးမှာရှိနေတဲ့ အင်တာမီလန်အသင်းကပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ


U Beam (Assorted Size)



LCD Display (Phone Spare Part)

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဖမ်းဆီးရမိမှု။

နေပြည်တော်  နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း သတင်းမှန် (၄၉)ကြိမ်ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ(၁၁၉)မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်းနှင့်တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ တရားမဝင်သစ်မျိုးစုံနှင့် ဆေးဝါးများဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၂၉၅ ဒသမ ၄၂၄ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉-၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ


တရားမဝင် သစ်များ

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


တရားမဝင် သစ်များ

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



Woven Fabrics Roll

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၀၁)မျိုး၊ လျှပ်စစ်ပစ္စည်း(၈) မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၇၄၄၅၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၅၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၈၈၉၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၅ ရက်**တွင် ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၆၅၄)တန်၊ သစ်မာ (၁ ဒသမ ၁၃၄) တန်၊ အခြားသစ်(၂၅ ဒသမ ၆၀၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၃၇၂၀)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၀၃၇၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ကော့မှူးမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၀၈)တန်၊ သစ်မာ(သုည ဒသမ ၅၂၀)တန်၊ အခြားသစ် ( သုည ဒသမ ၅၉၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၆၄၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ အင်းစိန်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၃၆၄၄၀)**ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။


MV. SDF ရေယာဉ်

ရန်ကုန် တိုင်းဒေသကြီး၌ ဖမ်းဆီး ရမိမှု။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၆ ရက်**တွင် မြန်အောင်မြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၃၄၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၆၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၆ ရက်**တွင် ဘုရားကြီးမြို့နယ်၊ ဝက်ဘောကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၇ ရက်**တွင် ရန်ကုန်မြို့၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ(ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၈)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၉)မျိုးတို့အား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း (၇၈)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၉၅၉၅၆၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. SDF ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၀၅၄၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၁ ရက်မှ ၇ ရက်** အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၉၅၈၈၂၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# အရက်နာကျခြင်းကို ပြေပျောက်စေမည့် နည်းလမ်းအသွယ်သွယ်

> **"အရက်စွဲရောဂါရပါက မိမိဘာသာ အိမ်တွင် အရက်ဖြတ်ရန် ကြိုးစားခြင်းထက် ကျွမ်းကျင်နားလည်သောဆရာဝန်နှင့် ပြသတိုင်ပင်ပြီး အရက်ဖြတ်သင့်သည်။ အရက်စွဲနေသူတစ်ယောက် ပုံမှန်သောက်နေရာမှ ရုတ်တရက်အရက်ဖြတ်လိုက်ခြင်းကြောင့် ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ပူပန်ခြင်း၊ စိတ်နှင့်ကိုယ်လွတ်ပြီး တစ်ခုခုလုပ်မိခြင်း၊ နှလုံးခုန်မြန်လာခြင်း၊ ချွေးထွက်လွန်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊ ပျို့အန်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ တက်ခြင်း စသည့် ပြဿနာများတွေ့ကြုံရပါမည်။ ယင်းကို ဆေးသိပ္ပံနည်းအရ Alcohol Withdrawal လက္ခဏာများဟုခေါ်သည် ....."**

အရက်စွဲရောဂါဖြစ်ပွားမှုနှုန်းသည် တစ်နေ့တခြား များပြားလျက်ရှိသည်။ အရက်ကို စွဲလမ်းစွာသောက်ခြင်းကြောင့် ပတ်ဝန်းကျင်အတွက် ပြဿနာတစ်ရပ်ဖြစ်လာသည်။ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွရောဂါဖြစ်ခြင်း၊ စိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကို သတ်သေရန်ကြိုးစားခြင်း၊ ရာဇဝတ်မှုများကို ဆင်ခြင်ကင်းမဲ့စွာပြုမူခြင်းနှင့် အရက်သောက်၍ကားမောင်းသဖြင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းတို့ကိုလည်း ပိုမိုတွေ့ရှိလာရသည်။

အရက်စွဲလမ်းခြင်းသည် ယေဘုယျအားဖြင့် စိတ်အပန်းဖြေရန် မကြာခဏသောက်သုံးရာမှ အစပြုခြင်းဖြစ်သည်။ ထို့ပြင် မိမိပတ်ဝန်းကျင်၌ ဝင်ဆံ့စေရန်နှင့် ပတ်ဝန်းကျင်၏စေ့ဆော်မှုများကြောင့်လည်း ဖြစ်ပွားနိုင်သည်။ ဤသို့ ကြိမ်ဖန်များစွာ သောက်သုံးမိပြီး နောက်ပိုင်းတွင် မသောက်ရလျှင် မနေနိုင်လောက်အောင် စွဲလမ်းသွားသည်။

**အရက်သောက်မှုအခြေအနေ**

လေ့လာမှုများအရ မြန်မာနိုင်ငံတွင် အရက်သောက်သူ ၁၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် အရက်အလွန်အကျွံသောက်သူ ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ လူငယ်များတွင် အရက်သောက်မှုမြင့်တက်လာပြီး သောက်သုံးမှုများ၏ ၇၀ ရာခိုင်နှုန်းမှာ အရည်အသွေးမမီသည့်အရက်များဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းတစ်ခုကလည်း ကျောင်းသားလူငယ်များအတွင်း အရက်သောက်မှု ၄ ရာခိုင်နှုန်းကျော်ရှိပြီး ၎င်းတို့အနက် ထက်ဝက်ခန့်မှာ အသက် ၁၄ နှစ်မတိုင်မီကပင် အရက်ကို စတင်သောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရက်သည် ခန္ဓာကိုယ်အတွက် အဆိပ်ဖြစ်သောကြောင့် အရက်ကို ယခင်ကတည်းက မသောက်သူများ၊ မသောက်တတ်သေးသူများနှင့် အထူးသဖြင့် လူငယ်များအနေဖြင့် စမ်း၍မသောက်မိကြရန် ရှောင်ရှားဆင်ခြင်သင့်သည်။ အရက်ကို စွဲစွဲလမ်းလမ်းသောက်နေသူများအနေဖြင့်လည်း အတတ်နိုင်ဆုံး လျှော့သောက်သင့်ပြီး အလွန်အကျွံသောက်မိပါက အရက်က လူကိုနိုင်သွားပြီဖြစ်၍ အရက်စွဲရောဂါရရှိနိုင်သည်။

**သင်အရက်ဖြတ်ရန် ကြိုးစားနေပြီလား**

အရက်ဖြတ်ရာတွင် အဓိကအရေးကြီးသည့်အချက်မှာ ကာယကံရှင်ကိုယ်တိုင် လိုလိုလားလား အရက်ဖြတ်ချင်စိတ်ရှိရမည်ဖြစ်ပြီး မိသားစု သို့မဟုတ် ဘေးပတ်ဝန်းကျင်မှလူများကလည်း ဖေးဖေးမမ နားလည်မှုရှိစွာ ဝိုင်းဝန်းကူညီပေးရမည်ဖြစ်သည်။ အရက်သောက်သောအလေ့အထကို ဖျောက်ပစ်လိုသည့်ဆန္ဒနောက်တွင် အကြောင်းရင်းများစွာရှိပြီး လူတချို့သည် အသည်းရောဂါကဲ့သို့ အရက်နှင့်ဆက်စပ်သည့်ရောဂါများဖြစ်လာခြင်း သို့မဟုတ် အရက်နှင့်မတည့်သောဆေးဝါးများ သောက်သုံးရခြင်းတို့ကြောင့် အရက်သောက်သည့်အလေ့အထကို ရပ်တန့်ရန်လိုအပ်သည်။

အထူးသဖြင့် ယခင်က အရက်ကို အလွန်အကျွံသောက်ခဲ့သူဖြစ်ပါက လုံးဝဖြတ်ရန်လွယ်ကူမည်မဟုတ်သော်လည်း အောက်တွင်ဖော်ပြထားသော အချက်အလက်များက သင့်အတွက် အနည်းငယ်ပို၍ လွယ်ကူစေမည်ဖြစ်သကဲ့သို့ သင်အရက်ဖြတ်ရန် ကြိုးစားနေခြင်းကို များစွာအထောက်အကူပြုနိုင်ပါသည်။

– သင် အရက်သောက်သောအကျင့်ကို ဖျောက်လိုပါက ဤကမ္ဘာပေါ်တွင် သင်တစ်ဦးတည်းမဟုတ်၊ ဤကမ္ဘာပေါ်ရှိ အရက်ရှောင်လိုသူများလည်း သင်ကဲ့သို့ အရက်သောက်ဖူးသူများဖြစ်ကာ သင့်လိုပင် ကြိုးစား၍ အရက်ဖြတ်နေသောဘဝတူများ ရှိနေကြမည်ကို သတိရပါ။

– သင့်တွင် အရက်သောက်ခြင်းနှင့်ပတ်သက်၍ ပြင်းထန်သောပြဿနာများရှိပြီး အရက်ကိုမှီခိုနေရသည့်လက္ခဏာ တွေ့ကြုံနေရပါက ဆရာဝန် သို့မဟုတ် ဆေးဘက်ကျွမ်းကျင်ပညာရှင်နှင့် တတ်နိုင်သမျှ အမြန်ဆုံးတိုင်ပင်ပါ။

– သင်အရက်သောက်သည့် အလေ့အကျင့်ကို ရပ်တန့်ရန်ကြိုးစားနေကြောင်း မိသားစုနှင့် မိတ်ဆွေများအားပြောပြပြီး အကြောင်းရင်းကိုရှင်းပြပါ။ ဤနည်းဖြင့် သင်၏အောင်မြင်မှုများကို ၎င်းတို့အား ပြောပြနိုင်ပြီး သင်အရက်ရှောင်ရန် ကြိုးပမ်းနေသည့် အကြောင်းရင်းကို ၎င်းတို့နားလည်လာမည်ဖြစ်သည်။

**အရက်နာကျခြင်းကို ပြေပျောက်စေမည့် နည်းလမ်းအသွယ်သွယ်**

လူ့ခန္ဓာကိုယ်ထဲရှိ အသည်းက အရက်ကို အဆိပ်ရှိဓာတုပစ္စည်းတစ်မျိုးအဖြစ်သို့ ပြောင်းလဲ၍ ချေဖျက်လိုက်သည်။ သောက်လိုက်သောအရက်ပမာဏကို လိုက်၍ အသည်း၏လုပ်ဆောင်ချက်ချေဖျက်မှုလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်စေသည်။ ခန္ဓာကိုယ်၏သွေးထဲတွင် အရက်ပါဝင်မှု သုညအဆင့်သို့ ပြန်ရောက်သွားချိန်တွင် ခေါင်းကိုက်ခြင်း၊ ရေငတ်ခြင်း၊ အားနည်းပြီး ခေါင်းမူးခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း စသည့် အရက်နာကျလက္ခဏာများကို အခြေအနေ အဆိုးရွားဆုံးအဖြစ် ခံစားရလေ့ရှိသည်။

ထိုသို့ အရက်နာကျခြင်းအတွက် နောက်ထပ်အရက် အနည်းငယ်သောက်ပြီး ပြန်ဖြေခြင်းကို အကောင်းဆုံးသက်သာစေသောနည်းဟု လူအများက ထင်မှတ်မှားနေကြသည်။ အမှန်စင်စစ် ယင်းနည်းသည် သိပ္ပံနည်းကျ အထောက်အထားမခိုင်လုံဘဲ အရက်နာကျခြင်းကြောင့် ခံစားနေရသောဝေဒနာများကို အချိန်အနည်းငယ်ရွှေ့ဆိုင်းထားသည့်သဘောမျှသာဖြစ်သည်။

အရက်နာကျပြီး နောက်ထပ်အရက်မသောက်မီ ခန္ဓာကိုယ်ကို အနည်းဆုံး ၄၈ နာရီအထိ အနားပေးရန် လိုအပ်သည်။ အောက်ဖော်ပြပါနည်းလမ်းများက အရက်နာကျခြင်းကို ပြေပျောက်စေပါလိမ့်မည်။

– ကဖိန်းဓာတ်ပါသောအရည်များက ရေဓာတ်ခန်းခြောက်စေတတ်၍ အရက်သောက်နေစဉ် ကဖိန်းဓာတ်ကြွယ်ဝသောကော်ဖီနှင့် အချိုရည်များကို ရှောင်ပါ။

– ဗီတာမင်အားဆေးဆောင်ထားပါ။ ဗီတာမင်ဆေးဝါးများက အရက်နာကျခြင်းကင်းဝေးစေသဖြင့် အရက်မသောက်မီ တစ်ရက်ကြိုတင်၍ ဗီတာမင်အားဆေးတစ်ပြားသောက်ပါ သို့မဟုတ် အရက်သောက်ပြီး နံနက်အိပ်ရာနိုးသည့်အခါ ဗီတာမင်အားဆေးတစ်ပြားသောက်ပါ။

– အရက်သောက်ပြီးနောက် အိပ်ရာမဝင်မီ အက်စ်ပရင်ဆေးပြားနှစ်ပြားကို ရေတစ်ဖန်ခွက်ဖြင့်သောက်ပါ။ နောက်တစ်နေ့နံနက် အရက်နာကျခြင်းကင်းဝေးပြီး ခေါင်းကိုက်ခြင်းမဖြစ်စေနိုင်တော့ပေ။

– ဗီတာမင်– B ဆောင်ပါ။ ဗီတာမင်– B ကလည်း အရက်နာကျခြင်းကို ပျောက်ကင်းစေ၍ မှီဝဲသင့်သောဆေးပြားဖြစ်သည်။

– အရက်သောက်စဉ် ခန္ဓာကိုယ်ထဲတွင် ဆားနှင့်ရေဓာတ်လုံလောက်နေမှသာ အရက်နာကျခြင်းမဖြစ်စေနိုင်ပါ။ ထို့ကြောင့် အရက်မသောက်မီ သခွားသီးဆားရည်စိမ်စားပေးပါ။

– အာလူးကြော်စားပါ။ အာလူးကြော်၏ ကစီဓာတ်အဆီအနှစ်များက အစာအိမ်ထဲရှိ အယ်လ်ကိုဟောကို စုပ်ယူနိုင်စွမ်းရှိ၍ အရက်နာကျခြင်းမဖြစ်စေတော့ပေ။

– အရက်စုံ ရောနှောသောက်ခြင်းရှောင်ပါ။ ဥပမာ– ဝိုင်သောက်နေသူက ဝိုင်တစ်မျိုးတည်းကိုသာ သောက်ပါ။ အကယ်၍ အရက်စုံရောနှောသောက်ခြင်းက အာနိသင်ပမာဏအတိုင်းအဆမသိနိုင်တော့ဘဲ အရက်နာကျခြင်းကို ဦးတည်စေသည်။

– လိမ္မော်သီး သို့မဟုတ် လိမ္မော်ရည်သောက်ပါ။ အထူးသဖြင့် ဖရုဖတိုဇ်ဓာတ်ပါရှိသော လိမ္မော်သီးက ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်ကိုပြေစေပြီး ခွန်အားပြည့်ဝလာစေသည်။

– သံလွင်ဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းသောက်ခြင်း သို့မဟုတ် သံလွင်ဆီပါသော ဟင်းရွက်သုပ်စားခြင်းက အရက်နာကျခြင်းကို လုံးဝမခံစားရတော့ပေ။

– နွားနို့က အစာအိမ်ကို ကောင်းကျိုးပြုသည်။ ညဘက် အရက်အလွန်အကျွံသောက်ပြီးနောက် နံနက်အိပ်ရာထ နွားနို့တစ်ခွက်သောက်ပေးခြင်းဖြင့် အရက်နာကျခြင်းကိုသက်သာစေပြီး ဗိုက်အောင့်ခြင်းကိုလည်း မခံစားရတော့ပေ။

– အရက်သောက်နေစဉ် ရေတစ်ဖန်ခွက်သောက်ရန်မမေ့ပါနှင့်။ ထို့ပြင် အရက်သောက်ပြီးနောက် ညအိပ်ရာဝင်ခါနီး သောက်ရေနှစ်ခွက်ထပ်သောက်ပေးပါ။

– ငှက်ပျောသီးထဲတွင်ပါရှိသော ပိုတက်ဆီယမ်က အရက်နာကျခြင်းကို ဓာတ်ပြယ်စေသဖြင့် နံနက်အိပ်ရာထ ငှက်ပျောသီးတစ်လုံးစားပါ သို့မဟုတ် ငှက်ပျောသီး၊ ပျားရည်နှင့် ပေါင်မုန့်အနည်းငယ်စားပေးခြင်းဖြင့် အရက်နာကျခြင်းကို သက်သာစေသည်။ ဖီးကြမ်းငှက်ပျောသီးမှည့်ကိုလည်း မီးဖုတ်၍ စားပေးနိုင်သည်။

– ကြက်ဥထဲရှိ သဘာဝ Cysteine ဓာတ်က အရက်နာကျခြင်းကိုဖြစ်စေသည့် Acetaldehyde (ခေါ်) အရောင်မဲ့ အငွေ့ပြန်သောအဆိပ်ရည်ကို ဖြိုခွဲပေးနိုင်သည်။ ထို့ကြောင့် နံနက်အိပ်ရာထချိန်တွင် ကြက်ဥစားပေးပါ။

– အရက်သောက်ပြီးနောက် ပျားရည်စစ်စစ်ကို ရေနွေးဖြင့်ဖျော်သောက်ခြင်းက အရက်နာကျခြင်းကို ပျောက်ကင်းစေပြီး နံနက်အိပ်ရာထချိန်တွင် လန်းဆန်းလာပါလိမ့်မည် သို့မဟုတ် ချင်းပြုတ်ရည်၊ သံပရာရည်နှင့် ပျားရည်ရောပြီး သောက်ပေးခြင်းဖြင့် အရက်နာကျခြင်းကို သက်သာစေနိုင်သည်။

– နံနက်အိပ်ရာထချိန်တွင် အုန်းရည်သောက်ပါ။ အုန်းရည်တစ်ခွက်တွင် ပိုတက်ဆီယမ် ၅၆၉ မီလီဂရမ်ပါဝင်နေ၍ ရေဓာတ်မြန်မြန်ဖြည့်ပေးပြီး အစာအိမ်အတွက်လည်း အထောက်အကူပြုပေးသည်။

– အရက်မသောက်မီနှင့် အရက်သောက်ပြီးချိန်များတွင် ကညွတ်စားပေးခြင်းဖြင့် အရက်နာကျပြီး အိပ်ရာထဲလဲနေခြင်းမှ ကြိုတင်ကာကွယ်ရာရောက်သည်။

**အရက်ဖြတ်နေစဉ် ဆရာဝန်နှင့်တိုင်ပင်သင့်**

အရက်စွဲရောဂါရပါက မိမိဘာသာ အိမ်တွင် အရက်ဖြတ်ရန်ကြိုးစားခြင်းထက် ကျွမ်းကျင်နားလည်သောဆရာဝန်နှင့် ပြသတိုင်ပင်ပြီး အရက်ဖြတ်သင့်သည်။ အရက်စွဲနေသူတစ်ယောက် ပုံမှန်သောက်နေရာမှ ရုတ်တရက်အရက်ဖြတ်လိုက်ခြင်းကြောင့် ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ပူပန်ခြင်း၊ စိတ်နှင့်ကိုယ်လွတ်ပြီး တစ်ခုခုလုပ်မိခြင်း၊ နှလုံးခုန်မြန်လာခြင်း၊ ချွေးထွက်လွန်ခြင်း၊ မျက်စိသူငယ်အိမ် ကျယ်လာခြင်း၊ ပျို့အန်ခြင်း၊ ကယောင်ချောက်ချားဖြစ်ခြင်း၊ တက်ခြင်း စသည့် ပြဿနာများတွေ့ကြုံရပါမည်။ ယင်းကို ဆေးသိပ္ပံနည်းအရ Alcohol Withdrawal လက္ခဏာများ ဟုခေါ်သည်။

ထိုအခြေအနေမျိုးတွင် အရက်များများ ပြန်လည်သောက်မိတတ်သဖြင့် အသက်အန္တရာယ်အတွက် စိုးရိမ်ရနိုင်၍ ဆရာဝန်နှင့်ဆွေးနွေးပြီး စနစ်တကျ အရက်ဖြတ်သင့်ပေသည်။ ဝေဒနာခံစားရမှု အပေါ့အပြင်းပေါ်မူတည်ပြီး ဆရာဝန်က Diazepam၊ Chlorpromazine စသည့် ဆေးပေး၍ စိတ်ငြိမ်အောင် ပြုလုပ်ပေးပါလိမ့်မည်။ လိုအပ်ပါက Disulfiram (ခေါ်) သွေးထဲရှိအက်စစ်များ မပျက်စီးအောင် ထိန်းပေးသောဆေးတစ်မျိုးကို ဆရာဝန်ကပေးပါလိမ့်မည်။ သို့ပါ၍ အရက်ပြတ်သွားစေရန် ဆရာဝန်၏ အကူအညီကို မဖြစ်မနေယူသင့်သည်။

အချုပ်ဆိုရသော် အရက်စွဲလမ်းမှုသည် လူတစ်ဦးချင်းစီ၏ကျန်းမာရေးကို ဆိုးကျိုးများဖြစ်ပွားစေသည်သာမက လူ့အဖွဲ့အစည်းအတွက် လူမှုရေးနှင့် စီးပွားရေးအရ ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည်။ အရက်သောက်မှုကို ထိန်းချုပ်ရန်မလွယ်ကူသော်လည်း အလွန်အကျွံသောက်မှုကို လျှော့ချနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များ ပြုန်းတီးနေမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အသိပေးလိုက်ရပါသည်။

**ပေါက်ပေါက်**


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
MALTA FRESH
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar
MOBILE MONEY
Buy
BILL
PAY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


SMART®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
အုတ်တွင်းသကြားစက်

❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park အတွင်းရှိ အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး (KK Park)နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်သည့် နေရာများတွင် တစ်ထပ်လူနေ အဆောက်အအုံတစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၈၀၊ သုံးထပ် လူနေအဆောက်အအုံ ရှစ်လုံး၊ လေးထပ်လူနေအဆောက်အအုံ ၂၇ လုံး၊ ကိုးထပ်လူနေအဆောက်အအုံ တစ်လုံး၊ ဈေးဆိုင်နှင့်လူနေနှစ်ထပ်အဆောက်အအုံလေးလုံး၊ ဈေးဆိုင်နှင့်လူနေ လေးထပ်အဆောက်အအုံ နှစ်လုံး၊ စားသောက်ဆိုင်နှင့် လူနေ နှစ်ထပ် အဆောက်အအုံ တစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ် ဟိုတယ် တစ်လုံး၊ GYM အားကစားခန်းမ တစ်ခု၊ စာမျက်နှာ ၂၂ ကော်လံ ၁ ❒



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

# ပေါက်ခေါင်းမြို့နယ်၌ မိုးနှမ်းဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး၍ ပြန်လည်ရိတ်သိမ်းလျက်ရှိ

ပေါက်ခေါင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် မိုးနှမ်း ၃၉၁၆၄ ဧကကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးပြီးစီးပြီဖြစ်၍ တချို့တစ်ဝက်ကို ပြန်လည်ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဆင်းရတနာ-၃ ဧက ၇၂၀၀၊ ဆင်းရတနာ-၁၄ ၃၁၆၃၇ ဧကနှင့် မကွေးနှမ်းနက်- ၂/၁၄ ၃၂၇ ဧက စုစုပေါင်း ၃၉၁၆၄ ဧကတို့အား မြို့နယ်အတွင်းရှိတောင်သူဦးကြီးများ၏ လယ်ယာမြေများတွင် စာမျက်နှာ ၁၁ ကော်လံ ၃ ❍



## မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်သူ့အလုပ်သမားပါတီတို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်သူ့အလုပ်သမားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၁၂)နှင့်စာမျက်နှာ(၁၃)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

**သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ** စာ-၂၆ သို့

**သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ** စာ-၂၉ သို့

